ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (19-7-2005) (၄၆၆၀)

အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ကြည့်ရှုအားပေး

ရန်ကုန်   ဇူလိုင်   ၁၈

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြိုဆို

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၏ အစည်းအဝေးခန်းမ(၁)၌ (၁၁)ကြိမ်မြောက် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ကြည့်ရှုအားပေး

အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသနေမှု တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းကို ကြည့်ရှုအားပေးစဉ်။ (ကျန်းမာရေး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေါင်းကြီး ဆောင်းပါး အညွှန်း

* *လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသား အချင်းချင်း ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးမှုရရှိလာခြင်း၊ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။*

ခေါင်းကြီး (စာ-၂)

* *ဝါဆိုလတွင် လယ်ယာလုပ်အားရှင်တို့၏ တေးသံများဖြင့် လယ်ယာမြေအနှံ့ ဆွတ်ပျံ့ဝေစည်နေသည်။ လယ်ယာလုပ်ငန်း အောင်မြင်တိုးတက်မှ တိုင်းပြည်၏ ရိက္ခာ ဖူလုံ၍ စီးပွားတိုးတက်မည်ဖြစ်သည်။*

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ ***"သန္ဓေ၊ တောထွက်၊ ဓမ္မစကြ် ဟောမြွက်ခါကို လဝါဆို"***

ဆောင်းပါး (စာ-၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉–၇–၂၀၀၅
(အင်္ဂါနေ့)

လူမှုစီးပွား ဖွံ့ဖြိုးရေးအကျိုးပြု တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့် အမျိုးတိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးမှုရရှိလာခြင်း၊ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်ခြင်းစသည့် အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ကလမ်းများကို ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီး၊ တံတားငယ် အသွယ်သွယ်တို့ကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနေကြောင်း တွေ့မြင်နေရသည်။ ယခင်ကာလက မြစ်များ၊ ချောင်းများခြားထားသဖြင့် ပြတ်တောက်နေခဲ့သည့်လမ်းများမှာ ယခုအခါ တံတားသစ်များနှင့် အတူ လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနေနိုင်ကြပြီ ဖြစ်သည်။ ပြည်သူများ ကူးသန်းဆက်သွယ် ရောင်းဝယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့လျက်ရှိသည်။

မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ– ပေါက်– ထီးလင်း– ဂန့်ဂေါလမ်းပေါ်ရှိ ယောချောင်းကို ဖြတ်ကျော်တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၂) ပေါက်တံတား(ရေပြာ)ကို ဇူလိုင်လ ၁၁ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။ ပခုက္ကူမှ ၃၄ မိုင်အကွာ ရေပြာရွာ၌ ယောချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် မြေသားတာပေါင်၊ သစ်သားတံတားနှင့် ဘေလီတံတား အရှည်ပေ ၆၆၀ အပါအဝင် စုစုပေါင်းအရှည်ပေ ၁၆၁၀ ရှိသည့်တံတားဖြစ်သည်။

ယင်းတံတား၏ထူးခြားချက်မှာ ယောချောင်းသည် ကျယ်ပြန့်ပြီး အလယ်တွင် ကျွန်းကဲ့သို့ဖြစ်နေခြင်းကြောင့် တံတားကို ကမ်းပါးနှစ်ဖက်သို့ အပြည့်မထိုးဘဲ အဓိကကျသည့် ရေစီးကြောင်းနှစ်နေရာ၌သာ တံတားတည်ဆောက်ထားပြီး အလယ်ကျွန်းနေရာကို မြေကြီးတာပေါင်ဖို့၍ တည်ဆောက်ထားခြင်းဖြစ်သည်။

အမှတ်(၂) ပေါက်တံတား(ရေပြာ)ကို ဖွင့်လှစ်လိုက်သည့်အတွက် ပခုက္ကူ–ပေါက်–ကျောက်ထု–မင်းတပ်လမ်းကို အသုံးပြုပြီး ပခုက္ကူမြို့မှ ပေါက်မြို့၊ မင်းတပ်မြို့၊ ထီးလင်းမြို့နှင့် ဂန့်ဂေါ မြို့နယ်များသို့ လွယ်ကူစွာ ဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။

ယခင်က ပေါက်မြို့အဝင် ကျောချောင်းကိုဖြတ်မရ၍ သုံးရက်၊ လေးရက် စောင့်ဆိုင်းနေရသောခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များမှာ ယခုအခါ လွယ်ကူလျင်မြန်စွာ သွားနိုင်လျက်ရှိသည်။

အဆိုပါတံတားသည် ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့ အပြန်အလှန် ဆက်သွယ်သွားလာရေးတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေရာ ယခုကဲ့သို့ တံတားသစ်တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုလျက် ရှိနေပေသည်။

နိုင်ငံတော်တွင် ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးနိုင်နေခြင်းမှာ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုအင်အားနှင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်စွမ်းဆောင်နေကြ၍ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုတံတားကြီး၊ တံတားငယ်များစွာကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသခံပြည်သူများ အပိုင်းကလည်း အဆိုပါ တံတားများ ရေရှည်တည်တံ့ ခိုင်မြဲရေး၊ တံတားကြီးများ၏ အဓိကရေလမ်းကြောင်းများ မပြောင်းလဲစေရေးတို့အတွက် ကျရာကဏ္ဍက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်္ဂလာဒုံတပ်နယ် သစ်ပင်စိုက်ပွဲတော် ကျင်းပ
တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ် သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့တက်ရောက်အားပေးချီးမြှင့်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ မင်္ဂလာဒုံတပ်နယ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။ (ရန်ကုန်တိုင်း)

အခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ် ဇင်ယော်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် မင်းသိန်း၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီး ဝင်းနောင်၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြတ်မင်း၊ တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဝင်ငွေတိုးပွား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် မင်္ဂလာဒုံတပ်နယ်သည် ယခုနှစ် သစ်ပင်စိုက်ပျိုးရာသီတွင် ဒုတိယမြောက် သစ်ပင်စိုက်ပွဲတော်ကျင်းပသည့် တပ်နယ်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် သစ်ပင်စိုက် ပွဲတော်များကို သစ်တောသစ်ပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန်အတွက် လူထုလှုပ်ရှားမှုဖြင့် တပ်လှန့်နှိုးဆော်ရန်၊ ရှေးလူကြီးများက သစ်ပင်များစိုက်ပျိုးခဲ့သလို မိမိတို့လက်ထက်တွင်လည်း သစ်ပင်များကို နောင်လာနောင်သားများအတွက် ပြုစုပျိုးထောင်ပေးသွားရန်၊ ပရမ်းပတာ သစ်ခုတ်မှုများ မပြုလုပ်ဘဲ စနစ်တကျထုတ်လုပ် သုံးစွဲအစားထိုး ပြန်လည်စိုက်ပျိုးသွားရန်၊ သစ်တောသယံဇာတ မပျက်စီးအောင် စောင့်ရှောက်ခြင်းဖြင့် ရာသီဥတုမှန်ကန်အောင် ထိန်းသိမ်းရန်ဆိုသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် နှစ်စဉ် ကျင်းပလျက်ရှိကြောင်း၊ ယခုသစ်ပင်စိုက်ပွဲတော်တွင် ပြီးခဲ့သည့် မေလနှင့် ဇွန်လများအတွင်း၌ ပျိုးထောင်ခဲ့ကြသည့် ပျိုးပင်များကို စိုက်ပျိုးသွားကြရမှာ ဖြစ်ကြောင်း၊ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေပြီး မိမိတပ်၊ မိမိတပ်နယ်မြေသည် တိုင်းတစ်ခုလုံး ရာသီမလပ် အမြဲစိမ်းလန်းစိုပြည်ရေး ဦးတည်လုပ်ဆောင်ရမှာ ဖြစ်ကြောင်း၊ တပ်ရင်းတပ်ဖွဲ့အလိုက်၊ တပ်နယ်အလိုက် သစ်ပင်ပျိုးပွဲတော်များ၊ သစ်ပင်စိုက်ပွဲတော်များနှင့် သစ်ပင်ထိန်းပွဲတော်များ ကျင်းပပေးကာ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းမှု အကောင်းဆုံး တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်လျက်ရှိကြောင်းနှင့် ယနေ့စိုက်ပျိုးခဲ့သည့် သစ်ပင်များ အမြဲစိမ်းလန်းစိုပြည်ပြီးရှင်သန် ကြီးထွား၍ သားစဉ်မြေးဆက် ရေရှည်တည်တံ့အကျိုးဖြစ်ထွန်းအောင် ဝိုင်းဝန်းပြုစု ထိန်းသိမ်းကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မင်္ဂလာဒုံ တပ်နယ်မှူး ဗိုလ်မှူးကြီး ဝင်းနောင်က တပ်နယ်အတွင်း ပျိုးပင်များစုဆောင်းထားရှိမှု၊ သစ်ပင်များစိုက်ပျိုးမည့် အခြေအနေနှင့် စိုက်ပျိုးပြီးသစ်ပင်များ ဆက်လက်ရှင်သန်ကြီးထွား မြဲမြံစေရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက ရန်ကုန်တိုင်းအတွင်း သစ်တောဦးစီးဌာနက ပျိုးဥယျာဉ်များ ပျိုးထောင်၍ ပျိုးပင်များ ဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေနှင့် သစ်ပင်များ ရှင်သန်ကြီးထွားအောင် စိုက်ပျိုးရမည့် နည်းစနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပျိုးပင်များ ဝေငှပေးကြသည်။

ရွှေပြည်သာမြို့နယ် သမိုင်းဝင် သာစုကန်ဘုရားကြီး ကုန်းတော် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် ရေးအတွက် မဟာသံ့သာရ ဆရာတော် (ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအက်စ်စီ) အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ကုမာရ ဦး ဆောင် ၍ အလှူရှင် များ၊ ဒေသခံများက ဇွန် ၂၉ ရက်တွင် ဖောခ်ပင်နှင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိန္နဲ၊ အင်ကြင်းစသော သစ်ပင်မျိုးစုံ ၅၀၀ ကျော် အရိပ်ရသစ်ပင်များ စိုက်ပျိုးစဉ်။ (၆၁)

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျွန်း၊ ကံ့ကော်၊ သရက်နှင့် မဲဇလီပင်များကို အမှတ်တရ စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များသည် သစ်ပင်စိုက်ပွဲတော်အတွင်း တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ၏ တပျော်တပါးသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကာ သစ်ပင်စိုက်ပွဲတော်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် မင်္ဂလာဒုံတပ်နယ် သစ်ပင်စိုက်ပွဲတော်တွင် ရတနာတန်းဝင်ကျွန်း၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်၊ ပန်းအလှပင်၊ စီမံကိန်းဝင်ပင်နှင့် ရာသီ သီးနှံပင် စုစုပေါင်း ၁၀၀၀၀ ကျော်ကို တစ်ချိန်တည်းတစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေအမှတ်(၁)တံတားတွင် ဆိုက်ကပ်ထားသော ရွှေလီသင်္ဘောပေါ်သို့ ကုန်ပစ္စည်းများကို Belt Conveyor ဖြင့် တိုက်ရိုက်တင်ပို့မှုစနစ်ဖြင့် စမ်းသပ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

သင်္ဘောပေါ်သို့ တိုက်ရိုက်တင်ပို့မှုစနစ်စမ်းသပ် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ယနေ့မွန်းလွဲ ၂နာရီတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေအမှတ်(၁)တံတား၌ ဆိုက်ကပ်ထားသော ရွှေလီသင်္ဘောပေါ်သို့ ဆန်၊ ပဲအမျိုးမျိုးနှင့်ပြောင်းအိတ်များကို Belt Conveyor ဖြင့် သင်္ဘောပေါ်သို့ တိုက်ရိုက်တင်ပို့မှုစနစ်ဖြင့် စမ်းသပ်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆန်အိတ်၊ ပဲအိတ်များကို ဆူးလေဆိပ်ကမ်း အမှတ်(၁)ဂိုဒေါင်မှ "ရွှေလီ" သင်္ဘောပေါ်သို့ တင်ဆောင်မှု အခြေအနေများကို လည်းကောင်း၊ သင်္ဘောပေါ်ရှိ ပဲအိတ်၊ ဆန်အိတ်များ သိုလှောင်မှု အခြေအနေ၊ ကုန်တင်ဆောင်နိုင်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ မြန်မာ့ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်က Belt Conveyor ဖြင့် သင်္ဘောပေါ်သို့ တိုက်ရိုက်တင်ပို့မှုအဆင့်ဆင့်ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။(သတင်းစဉ်)

ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၈

ပျဉ်းမနားမြို့ ဗဟိုမစိုးရိမ်ရပ် ဘုံမြင့်ပရိယတ္တိ စာသင်တိုက်၏ (၁၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၀ရက် (ဝါဆို လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များသည် သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ်၊ သပိတ်တို့လှူဒါန်းလိုပါက ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိက ဖုန်း-၀၆၇-၂၁၁၅၅ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

နဝင်္ဂဥပေါသထ ကိုးပါးသီလချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁၈

၁၃၆၇ ခုနှစ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) ဇူလိုင် ၂၀ရက်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နဝင်္ဂဥပေါသထကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည် ဖြစ်သည်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် ဝါတွင်းတရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဇူလိုင် ၂၀ရက်(ဝါဆိုလပြည့်နေ့)တွင် ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသကလည်းကောင်း၊ ဇူလိုင် ၂၁ရက်တွင် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရက လည်းကောင်း၊ ဇူလိုင် ၂၂ ရက်တွင် ပုပ္ပါးစကားဝါမြေ ဆရာတော် ဘဒ္ဒန္တ သာသနက လည်းကောင်း၊ ဇူလိုင် ၂၃ရက်နှင့် ၂၄ရက်တွင် ချမ်းမြေ့မြိုင် ဆရာတော် ဘဒ္ဒန္တကုန္တက ကလည်းကောင်း မြတ်ဗုဒ္ဓ၏ တရားတော်များကို ညစဉ်၇နာရီတွင် ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူ ကြရန်ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ အထောက်အကူပြုရေပေးဝေနိုင်ရေး ဆောင်ရွက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ်နှင့် အလုံမြို့နယ်တို့ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ် ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အထောက်အကူပြုရေပေးဝေနိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ရေနံ့သာလမ်းနှင့် သံသုမာလမ်းဆုံသို့ရောက်ရှိရာ ကော်မတီဝင် ဗိုလ်မှူးကြီးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဦးသောင်းရင်၊ စစ်ဆေးရေးဌာနမှူး ဦးဇော်ဝင်း၊ စီမံကိန်းလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာ ဦးလှထွန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အမှုဆောင်အင်ဂျင်နီယာ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက သံသုမာလမ်း (ငမိုးရိပ်) ဂျိုးဖြူအချင်း ၂၄လက်မရှိ ရေပိုက်မှတစ်ဆင့် အချင်း ၁၂လက်မပိုက်များဖြင့် ရေနံ့သာလမ်းတစ်လျှောက် ငမိုးရိပ်ချောင်းဖြတ် သံမဏိကြိုးဆိုင်းတံတားထိပ်အထိ ဆက်သွယ်ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံရှင်းလင်းတင်ပြကြသည်။**(အပေါ်ယာပုံ)**

မဂ္ဂါဝပ် ၂၀

အဆိုပါရေပိုက်လိုင်းသည် သဃ်န်းကျွန်းမြို့နယ် ရေနံ့သာလမ်း၊ သံသုမာလမ်းဆုံမှ စတင်ကာ အချင်း ၁၂လက်မပိုက်ဖြင့် ငမိုးရိပ်ချောင်းကို သံမဏိကြိုးဆိုင်းတံတားမှဖြတ်ကာ သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် မြမာလာလမ်း၊မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဧရာဝဏ်လမ်း တို့မှတစ်ဆင့် သာကေတမြို့နယ် စွန့်ပစ်အပူသုံး ဓာတ်ငွေ့စက်ရုံသို့ ဆက်သွယ်ဆောင်ရွက် ထားရှိခြင်းဖြစ်ပြီး ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်းပြီးစီးပါက သာကေတ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ တစ်နေ့လျှင် ရေဂါလန်တစ်သန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အထောက်အကူပြုပေးနိုင်ကာ စွမ်းအားပြည့် မဂ္ဂါဝပ် ၂၀ ခန့် ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။

စက်ရေတွင်းတူးဖော်

ထိုမှတစ်ဆင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် အလုံမြို့နယ်ရှိ သခင်မြပန်းခြံသို့ရောက်ရှိရာပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်၊ အလုံမြို့နယ် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံမှူး ဦးထွန်းအောင်နှင့် တာဝန်ရှိသူများက အလုံမြို့နယ် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အထောက်အကူပြုရေပေးဝေနိုင်ရန် အချင်း ၁၀လက်မရှိ စက်ရေတွင်းခြောက်တွင်းတူးဖော်နေမှု၊ လက်ရှိရေဂါလန် ငါးသောင်းဆံ့ မြေအောက်ရေကန်နှင့် ထပ်မံတည်ဆောက်မည့် ရေလှောင်ကန်များအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ရေဂါလန်တစ်သန်း

အဆိုပါ စက်ရေတွင်း ခြောက်တွင်းမှတစ်ဆင့် အလုံမြို့နယ် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ တစ်နေ့လျှင်ရေဂါလန်တစ်သန်း ခွဲဝေပေးနိုင်ပြီး စက်ရုံမှ စက်စွမ်းအားပြည့် ၃၉မဂ္ဂါဝပ် ပိုမိုထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ (၁၉)

ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၈

အမှတ် (၇၀) သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်း ရွှေမင်းဝံသာသနာ့ရိပ်သာ၏ (၂၃)ကြိမ်မြောက်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီ၌ အဆိုပါရိပ်သာ မဟာဓမ္မဗိမာန်တော်အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားသည်။ (က-ပ)

အထက(၂) ဗဟန်းကျောင်းသားကျောင်းသူဟောင်းများနှင့် ဆရာမဒေါ်မေမေထား၏ အသက်(၇၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တရုတ်-ကာဇက်စတန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဆက်ဆံမှုမြှင့်တင်မည်

အက်စ်တာနာ ဇူလိုင် ၁၇

တရုတ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံအကြား မဟာဗျူဟာစီးပွားဖက် ဆက်ဆံမှုမြှင့်တင်မည့်နည်းလမ်းများကို ဆွေးနွေးရန် တရုတ်- ကာဇက်စတန် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို အက်စ်တာနာမြို့၌ ကြာသပတေးနေ့တွင် ကျင်းပခဲ့သည်။

နှစ်နိုင်ငံအဖွဲ့ဝင်များသည်ကော်မတီ၏ ယမန်နှစ်က လုပ်ငန်းဆောင်ရွက်မှုကို ကျေနပ်မှုရှိကြောင်း ဖော်ပြပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ဘဏ္ဍာရေး၊ စွမ်းအင်၊ ဓာတ်သတ္တု၊ လူမှုရေးသိပ္ပံနှင့် လုံခြုံရေးကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံအကြား မဟာဗျူဟာ စီးပွားဖက် ဆက်ဆံမှုမြှင့်တင်ရန် ရည်ရွယ်လျက် တရုတ်သမ္မတ ဟူကျင်တောင်နှင့် ကာဇက်စတန်သမ္မတ နာဇူလတန် အာဗီရှီဗစ်ချ်နာဇာဘာယက်ဗ်တို့သဘောတူခဲ့ကြသည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးမှာ ကော်မတီက ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

နှစ်နိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မြှင့်တင်ပေးပြီး သက်ဆိုင်ရာနိုင်ငံရှိ လုပ်ငန်းများအတွက် အဆင်ပြေမှုရှိစေရေးကိုလည်း ဦးစားပေးလုပ်ဆောင်ရန် ကော်မတီက သဘောတူခဲ့သည်။

နှစ်နိုင်ငံအကြား နိုင်ငံရေးဆိုင်ရာ အပြန်အလှန်ယုံကြည်မှု မြင့်မားလာပြီး ပူးပေါင်းဆောင်ရွက်မှုမှာလည်း ကဏ္ဍအားလုံးတွင် တိုးတက်အောင်မြင်လာသည့်အတွက် မကြာမီနှစ်များအတွင်းမှာ နှစ်နိုင်ငံဆက်ဆံရေးမှာ တစ်ဟုန်ထိုးတိုးတက်ခဲ့ကြောင်း ကာဇက်စတန်သို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ် ဒုတိယဝန်ကြီးချုပ်ဝူယီက ပြောကြားသည်။

လက်တွဲ

နှစ်နိုင်ငံသမ္မတနှစ်ဦး ချမှတ်ခဲ့သည့် လမ်းညွှန်ချက်ပါ မဟာဗျူဟာ စီးပွားဖက်ဆက်ဆံမှုကို ရှေ့တန်းတင်ရာတွင် တရုတ်နိုင်ငံသည် ကာဇက်စတန်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာတွင် ကိုကင်းနှစ်တန်သိမ်းဆည်းရမိ

ဘိုဂိုတာ ဇူလိုင် ၁၇

ကိုလံဘီယာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲတပ်ဖွဲ့သည် မြို့တော်ဘိုဂိုတာ၏ မြောက်ဘက်ကီလိုမီတာ ၁၀၀၀အကွာရှိ မက်ဒါလီနာခရိုင် ဆီယာရာနီဗားဒါးဆန်တာမာတာမြို့တွင် ကိုကင်း နှစ်တန်နီးပါးကို သိမ်းဆည်းလိုက်ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင်ပြောကြားသည်။

အမေရိကန်ဒေါ်လာ သန်း ၄၀တန်ဖိုးရှိ ကိုကင်းများကို မက်ဆီကိုနှင့် အမေရိကန်နိုင်ငံသို့ ရေကြောင်းလမ်းဖြင့် ပို့ဆောင်မည်ဟုယူဆရကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ယခုနှစ်တွင် ကိုလံဘီယာနိုင်ငံမှ တပ်ဖွဲ့ဝင်များက ကာရစ်ဘီယံဒေသနှင့် ပစိဖိတ်သမုဒ္ဒရာဒေသ ပင်လယ်ရေပြင်တွင် ကိုကင်း တန်ချိန် ၆၀ ကျော်ကို သိမ်းဆည်းနိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် အိမ်များကို ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သက်ရှိထင်ရှားရှိဆဲ အသက်အကြီးဆုံးဇနီးမောင်နှံအဖြစ် ဖီလာဒဲလ်ဖီးယားမှဇနီးမောင်နှံကို မှတ်တမ်းတင်

ဖီလာဒဲလ်ဖီးယား ဇူလိုင် ၁၇

ဖီလာဒဲလ်ဖီးယားမှ အသက်အကြီးဆုံး ဇနီးမောင်နှံနှစ်ဦးအနက် ခင်ပွန်းဖြစ်သူ ဟားဘတ်ဘရောင်းမှာ အသက် ၁၀၅နှစ်ရှိပြီး ဇနီး မဂ်ဒါဘရောင်းမှာ အသက် ၁၀၀ရှိသူများဖြစ်သည့် ဖိုးသက်ရှည်၊ ဖွားသက်ရှည်များဖြစ်ကြသည်။

ဇနီးမောင်နှံနှစ်ဦး၏ အသက်စုစုပေါင်းသည် ဇွန် ၉ရက်အချိန်က ဆိုလျှင် အသက် ၂၀၅ နှစ်နှင့် ၂၉၃ ရက်ရှိပြီဖြစ်သည့်အတွက် ကမ္ဘာ့စံချိန်မှတ်တမ်းများ စာအုပ်ဂင်းနက်စ်က သက်ရှိထင်ရှားရှိနေဆဲ အသက်အကြီးဆုံး ဇနီးမောင်နှံအဖြစ် ၎င်းတို့ကို သတ်မှတ်ကာ စံချိန်ချိုးသူများစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂွမ်တာနာမိုအကျဉ်းသား ကန့်စစ်ဆေးရေးမှူးများနှင့် မပူးပေါင်းလျှင် ဆေးဝါးကုသခွင့်မပေးဘဲ ညှဉ်းပန်းထားခြင်းခံရ

ဝါရှင်တန် ဇူလိုင် ၁၇

ကျူးဘားနိုင်ငံ ဂွမ်တာနာမိုပင်လယ်ကွေ့တွင် ဖွင့်လှစ်ထားသော အမေရိကန်ရေတပ် အခြေစိုက်စခန်းအတွင်းရှိ အကျဉ်းစခန်းနှင့်ပတ်သက်သည့် ဇူလိုင် ၁၅ရက်က ပေါ်ထွက်လာသော အစီရင်ခံစာတစ်စောင်တွင် အမေရိကန်တို့က အကျဉ်းသားများအပေါ် နှိပ်စက်ကလူပြုသော အထောက်အထားသစ်များကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

ထိုအထောက်အထားသစ်မှာ အမေရိကန် ဆရာဝန်များအပါအဝင် ဆေးဘက်ဝန်ထမ်းများသည် အမေရိကန်တို့ အလိုကျ စစ်ဆေးမခံသော အကျဉ်းသားများကို ဆေးဝါးကုသမှု အခွင့်အရေးများမပေးဘဲ ညှဉ်းပန်းထားသည်ဟူသော အထောက်အထားပင်ဖြစ်သည်။

အကျဉ်းသားအချို့၏ ရှေ့နေများက ၎င်းတို့၏ အမှုသည်များသည် ဂွမ်တာနာမိုစခန်းရှိ ဆရာဝန် ဗိုလ်ကြီး ဂျွန် အက်စ်အက်ဒမွန်ဆန်က အထက်ပါ အခြေအနေမျိုးတွင် ဆေးဝါးကုသမှုမပေးဘဲ အကျဉ်းသားကို နှိပ်စက်ကလူပြုခဲ့သည်။ သမားကျင့်ဝတ်နှင့်မညီသည့် ဆောင်ရွက်မှုပြုခဲ့သည်ဟူသော စွဲချက်များဖြင့် တရားရုံးတွင် ဦးတိုက်လျှောက်ခဲ့ကြကြောင်း နယူးယောက်တိုင်းသတင်းစာက ဇူလိုင် ၁၅ ရက်သတင်းတွင် ရေးသားခဲ့သည်။

ဂွမ်တာနာမို အကျဉ်းသားများနှင့် အယ်လင်နှင့် အိုဗာရီ ဥပဒေအကျိုးဆောင်လုပ်ငန်းတို့ တွေ့ဆုံမေးမြန်းရာ၌ အကျဉ်းသားများက အထက်ပါ အခြေအနေ ကျင့်သုံးခံရသည်ကို ပြန်လည်ပြောပြကြကြောင်း သိရသည်။

အကျဉ်းသားတစ်ဦးက မိမိ ဓာတ်ချုပ်သည့်ဝေဒနာကို ခံစားနေရစဉ်က အမေရိကန်တပ်ဆရာဝန်သည် မိမိကို အမေရိကန် စစ်ဆေးရေးမှူးများနှင့် ပူးပေါင်းကူညီရန်၊ အကယ်၍ မကူညီပါက ဆေးဝါးကုသမှုပေးမည် မဟုတ်ကြောင်း ခြိမ်းခြောက်ခဲ့သည်ဟု ၎င်း၏အတွေ့အကြုံကို ပြန်ပြောပြခဲ့သည်။

အမေရိကန်နိုင်ငံတွင် စစ်ဘက်ဆရာဝန်များသည် ကုသခွင့်ရရှိရန် ဆေးဘက်ဆိုင်ရာဘုတ်အဖွဲ့မှ လိုင်စင်ရယူရန်လိုအပ်သည်။ အထက်ဖော်ပြပါ ကိစ္စများနှင့် အဖြစ်အပျက်များကို ယခုအခါ ကယ်လီဖိုးနီးယားပြည်နယ် ဆေးဘုတ်အဖွဲ့တွင် တိုင်တန်းထားကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ဂွမ်တာနာမို အကျဉ်းစခန်းတွင် အကျဉ်းသားပေါင်း ၅၂၀ ကို ထိန်းသိမ်းထားသည်။ အများစုမှာ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုနောက်ပိုင်း အာဖဂန်နစ္စတန်စစ်မြေပြင်တွင် ဖမ်းဆီးရမိသော အကျဉ်းသားများဖြစ်သည်။ ထိုအကျဉ်းသားများကို အမေရိကန်တို့က ဂျီနီဗာဥပဒေနှင့်အညီ စစ်အကျဉ်းသားများ ရသင့်သော အခွင့်အရေးများကို ခံစားခွင့်မပေးဘဲထားသည်။ စစ်အကျဉ်းသား အဆင့်အတန်းပင် သတ်မှတ်ပေးခြင်းမရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စွမ်းအင်ပြဿနာ ဖြေရှင်းနိုင်ရန် အင်ဒိုနီးရှား ကြိုးပမ်း

ဂျကာတာ ဇူလိုင် ၁၇

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း လောင်စာရှားပါးမှုကိစ္စ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အင်ဒိုနီးရှားအစိုးရက စားအုန်းဆီနှင့် သက်ရှိသတ္တဝါတို့မှရသော ဇီဝလောင်စာအရင်းအမြစ်တို့ကို အစားထိုးလောင်စာအဖြစ် အသုံးပြုသွားရန် ကြိုးပမ်းနေကြောင်း ဂျကာတာပို့စ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားလိုက်သည်။ ယင်းအစားထိုးလောင်စာအသုံးပြုမှုနှင့် ထုတ်လုပ်ရေးကို အထောက်အပံ့ဖြစ်စေသည့် စည်းမျဉ်းစည်းကမ်းများ အင်ဒိုနီးရှားအစိုးရက ထုတ်ပြန်မည်ဟု သုတေသနနှင့် နည်းပညာဝန်ကြီး ကူစမာလန်တို့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗုံးဖောက်ခွဲတိုက်ခိုက်ခံရ၍ ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘာဆာရာ ဇူလိုင် ၁၇

လမ်းဘေး ဗုံးဖောက်ခွဲမှုဟု ယူဆရသော စနေနေ့က ဖြစ်ပွားသည့် တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်း အာမာရာမြို့တွင်ဖြစ်ပွားသော တိုက်ခိုက်မှုတွင် အခြားဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း ဒဏ်ရာရရှိသွားကြကြောင်းသိရသည်။ ဘာဆာရာမြို့ရှိ ဗြိတိသျှတပ်ဖွဲ့ဌာနချုပ်က တပ်ဖွဲ့ဝင်သုံးဦးသေဆုံးရသည့်ကိစ္စကို အတည်ပြုခဲ့သော်လည်း အသေးစိတ်အဖြစ်အပျက်များကိုမူပြောကြားခြင်းမရှိပေ။

လှုပ်ရှား

ရှီးယိုက်များ အများအပြားနေထိုင်သော အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့အနီး ဝန်းကျင်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်အင်အား ၈၅၀၀ခန့် တပ်စွဲလှုပ်ရှားလျက်ရှိသည်။ အဆိုပါဒေသသည် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀၀၀ တို့ တာဝန်ယူထားသော အီရတ်မြောက်ပိုင်းနှင့်စာလျှင် အတော်အတန်အေးချမ်းသည်ဟုဆိုရမည့် အခြေအနေရှိသည်။

ယခုသေဆုံးရသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကိုပါ ထည့်သွင်းရေတွက်လျှင် ယနေ့အချိန်အထိ အီရတ်တွင် သေဆုံးရသော ဗြိတိသျှတပ်ဖွဲ့ဝင်စုစုပေါင်းမှာ ၉၂ ဦး ရှိသွားပြီဖြစ်သည်။ ထိုကိန်းဂဏန်းအနက် ၅၃ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရသူများဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်ခံရ၍ ပျက်စီးသွားသော ဟမ်းဗီး ကင်းလှည့်ယာဉ်အနီးတွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မော်စကိုတွင် သယ်ယူပို့ဆောင်ရေးစနစ် လုံခြုံစေမည့် ရထားတွဲများတွင် ဗီဒီယိုကင်မရာများတပ်ဆင်ရန် စီစဉ်

မော်စကို ဇူလိုင် ၁၇

ရုရှားနိုင်ငံမြို့တော်မော်စကိုတွင် သယ်ယူပို့ဆောင်ရေးစနစ် လုံခြုံမှုရှိစေမည့် စနစ်သစ်တစ်ရပ်ကို သောကြာနေ့မှ စတင်အကောင်အထည်ဖော်လျက်ရှိသည်။ ဇူလိုင်၇ရက်က ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၅၀ကျော် သေဆုံးခဲ့ရသည့်ဖြစ်ရပ်မျိုး မော်စကိုတွင် ပေါ်ပေါက်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်ကြောင်း အစ္စဗက်ရှားသတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

လုံခြုံရေးစီမံချက်များကို အပြည့်အဝ အကောင်အထည်ဖော်သည့်အခါ ရဲတပ်ဖွဲ့သည် မြို့ပြဒေသ သယ်ယူပို့ဆောင်ရေးစနစ်လုံခြုံမှုရှိရန် လုပ်ပိုင်ခွင့်အာဏာများ ရရှိမည်ဖြစ်သည်။ ဘူတာရုံများတွင် လုံခြုံရေးအလို့ငှာ တပ်ဆင်ထားသည့် ဗီဒီယိုကင်မရာများအပြင် ရထားတွဲများအတွင်း၌လည်း ဗီဒီယိုကင်မရာများ တပ်ဆင်သွားမည်ဖြစ်သည်။

လုံခြုံရေးအစီအစဉ်၏ အရေးကြီးသောကဏ္ဍမှာ ရထားတွဲများအတွင်း ထောက်လှမ်းရေး ဗီဒီယိုကင်မရာများ တပ်ဆင်ရန်ဖြစ်ကြောင်း၊ သွားလာလှုပ်ရှားမှုများကို လေ့လာစောင့်ကြည့်မည့်ဌာနသို့ ယင်းကင်မရာများက ရိုက်ကူးသည့်ရုပ်ပုံများကို ပေးပို့မည်ဖြစ်ကြောင်း မော်စကိုမြို့တော် သယ်ယူပို့ဆောင်ရေးဌာနအကြီးအကဲ ဒီမစ်ထရီဂေယက်စ်က အစ္စဗက်ရှားသတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ရထားများပေါ်တွင် ထောက်လှမ်းရေးဗီဒီယိုကင်မရာများ တပ်ဆင်မှုလုပ်ငန်းကို အပြီးသတ်လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်ဆင်ပြီးစီးသည့်အခါ စပ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့တော်မော်စကိုတွင် အထူးရေဒီယိုကွန်ရက်စနစ်ကို ထူထောင်မည်ဖြစ်ကြောင်း၊ ယင်းစနစ်ကိုအသုံးပြု၍ လုံခြုံရေးဆိုင်ရာ ထူးခြားမှုဖြစ်စဉ်ပေါ်ပေါက်ချိန်တွင် အလုပ်သမားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး သတင်းပို့နိုင်ကြောင်း၊ အလုပ်သမားများသည် ရဲတပ်ဖွဲ့ထံ ဆက်သွယ်ကာ သတင်းပို့နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ဟူပေပြည်နယ်ရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် လုပ်ငန်းခွင်ဝင်နေသော အလုပ်သမများကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် ထိန်းချုပ်ရေး ကမ္ဘာ့နိုင်ငံများ သဘောတူညီမှုမရနိုင် ယနေ့ကာလတွင် ကမ္ဘာ့ပြည်သူ တစ်ဘီလီယံခန့်က အင်တာနက် သုံးစွဲ

ကုလသမဂ္ဂ ဇူလိုင် ၁၇

အင်တာနက် ထိန်းချုပ်မှုပြုလုပ်ရေးကိစ္စတွင် ကမ္ဘာ့နိုင်ငံများအတွင်း သဘောတူညီမှုရနိုင်မည် မဟုတ်ကြောင်း ကုလသမဂ္ဂက ထူထောင်ပေးထားသော အင်တာနက်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

နိုင်ငံတကာ ကွန်ပျူတာကွန်ရက်ဖြစ်သည့် အင်တာနက်အပေါ် ထိန်းချုပ်နိုင်စေမည့် နိုင်ငံတကာ အစီအစဉ်တစ်ရပ်ကို ရေးဆွဲရန် တာဝန်အပ်နှင်းခံထားရသော အင်တာနက်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့က အစီရင်ခံစာတစ်ရပ် ပြုစုထားရာတွင် ယင်းသို့သောအစီအစဉ် အကောင်အထည်ဖော်ရန် အခက်အခဲများ ရှိနိုင်ပုံကို ဖော်ပြထားသည်။

အင်တာနက် ထိန်းချုပ်ရေး အစီအစဉ်ကို တာဝန်ယူလုပ်ဆောင်မည့်နိုင်ငံရှိနိုင်မည်မဟုတ်ကြောင်း၊ အင်တာနက်အသုံးပြုမှုကို လေ့လာစောင့်ကြည့်ရန်လည်းကောင်း၊ နည်းပညာရပ်နှင့် ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန် လည်းကောင်း အစီအစဉ်များရေးဆွဲ၍သာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လာမည့်နိုဝင်ဘာလတွင် တူနီးရှားနိုင်ငံ တူးနစ်မြို့၌ကျင်းပမည့် သတင်းအချက်အလက်လူ့ဘောင် ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲသို့ တင်သွင်းရန် စီစဉ်ထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးတိုးတက်လာ

အင်တာနက်သည် ကနဦးအားဖြင့် တက္ကသိုလ်ပညာရှင်များကသာလျှင် သုံးစွဲရန် ရည်ရွယ်ချက်ဖြင့် ပေါ်ထွက်လာခဲ့ကြောင်း၊ သို့ရာတွင် အင်တာနက်သုံးစွဲမှုမှာ အကန့်အသတ်ကိုကျော်လွန်ကာ အထူးတလည် ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ လူတိုင်းအတွက် အင်တာနက်ဟူသည်မျိုး ဖြစ်လာကြောင်း၊ ယနေ့ကာလတွင် လူပေါင်း တစ်ဘီလီယံနီးပါးက အင်တာနက်ကို သုံးစွဲလျက်ရှိကြောင်း လုပ်ငန်းအဖွဲ့၏ အမှုဆောင်ညှိနှိုင်းရေးမှူး မားကပ်စ်ကွမ်းမားက လူတွေ့ မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

ကျဉ်းမြောင်းလာစေ

အင်တာနက်နှင့်ပတ်သက်၍ ကုလသမဂ္ဂ ရင်ဆိုင်ရသော ပြဿနာမှာ အင်တာနက်က ကမ္ဘာ့အကျိုးကို ပိုမိုသယ်ပိုးနိုင်စေရန်သာဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးသောနိုင်ငံများရှိ ပြည်သူများအနေဖြင့် အင်တာနက် သုံးစွဲခွင့်ပိုမိုရရှိလာခြင်းဖြင့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သတင်းအချက်အလက် နည်းပညာကွာဟချက် ပိုမိုကျဉ်းမြောင်းလာစေရေးအတွက် နည်းပညာ ထုတ်ကုန်လုပ်ငန်းများ၊ အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိက လူ့ဆော်ရေးအုပ်စုများကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအာနန်က တိုက်တွန်းမှုများပြုလုပ်လာခဲ့သည်မှာ အတန်ပင်ကြာမြင့်ပြီဖြစ်ကြောင်း မားကပ်စ်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ရုရှားသဘာဝဓာတ်ငွေ့ တောင်ကိုရီးယားသို့ တင်ပို့မည် နှစ်နိုင်ငံရှိ စွမ်းအင်ကုမ္ပဏီတို့ သဘောတူညီချက်ရရှိ

မော်စကို ဇူလိုင် ၁၇

ရုရှားနိုင်ငံသည် အရှေ့ဖျားဒေသမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်န်ဂျီ)ကို တောင်ကိုရီးယားနိုင်ငံသို့နှစ် ၂၀ ကြာ တင်ပို့ရောင်းချရေး သဘောတူညီချက်တစ်ရပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးလိုက်သည်။

ရုရှားနိုင်ငံ ဆာခါလင်ကျွန်း၏ ကမ်းလွန်ဒေသတွင် ဓာတ်ငွေ့ တူးဖော်လျက်ရှိသော ဆာခါလင်စွမ်းအင်ကုမ္ပဏီနှင့် ကိုရီးယားဓာတ်ငွေ့ကော်ပိုရေးရှင်းတို့ လက်မှတ်ရေးထိုးလိုက်သည့် အဆိုပါသဘောတူညီချက်သည် ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြားကာလရှည် စွမ်းအင်ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ဖြစ်ကြောင်း ဆာခါလင်စွမ်းအင်ကုမ္ပဏီက ထုတ်ပြန်သည့် သတင်းကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။

သဘောတူညီချက်အရ ဆာခါလင်စွမ်းအင်ကုမ္ပဏီသည် ကိုရီးယားဓာတ်ငွေ့ကော်ပိုရေးရှင်းထံ တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ရည်တန်ချိန် ၁ဒသမ ၅သန်း တင်ပို့ပေးမည်ဖြစ်သည်။ ဆာခါလင်ကျွန်း၏တောင်ဘက်တွင် သဘာဝဓာတ်ငွေ့ရည်စက်ရုံကို တည်ဆောက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ထက်ဝက်ကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စက်ရုံသည် နှစ်စဉ်တန်ချိန် ၉ ဒသမ ၆သန်း ထုတ်လုပ်နိုင်စွမ်းရှိမည် ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ရည်ကို ဝယ်ယူမည့်သူများထံ စတင်ပေးပို့နိုင်မည်ဖြစ်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကို ရရှိခြင်းဖြင့် ကိုရီးယားဓာတ်ငွေ့ကော်ပိုရေးရှင်းသည် သဘာဝဓာတ်ငွေ့ ရရှိနိုင်မည့် မဟာဗျူဟာမြောက် အရင်းအမြစ်သစ်တစ်ခုအဖြစ် ဆာခါလင်ကျွန်းကို ပြောင်းလဲလိုက်နိုင်သည်။

မိမိတို့သည် ကိုရီးယားဓာတ်ငွေ့ကော်ပိုရေးရှင်းနှင့် ကာလရှည် ဆက်ဆံရေး တည်ဆောက်ရန် ရည်မှန်းထားကြောင်း၊ ဆာခါလင်-၂ စီမံကိန်းဟု အမည်ပေးထားသောသဘာဝဓာတ်ငွေ့စီမံကိန်းတွင် ကိုရီးယားကုမ္ပဏီ၏ ယုံကြည်မှုကို ဖော်ပြနေကြောင်း ဆာခါလင် စွမ်းအင်ကုမ္ပဏီ အကြီးအကဲ အီယန်စရစ်ဂျ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆာခါလင်ကျွန်း -၂ စီမံကိန်းအရ ရေနံတန်ချိန်သန်း ၁၅၀ခန့်နှင့် ဓာတ်ငွေ့ ကုဗမီတာ၅၀၀ဘီလီယံရှိမည်ဟု ခန့်မှန်းရသော ရေနံသိုက်များမှ ရေနံနှင့် ဓာတ်ငွေ့ကို တူးဖော်ထုတ်လုပ်မည် ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမ်မီလီမုန်တိုင်း ဂျမေကာတွင် တိုက်ခတ် မက္ကဆီကိုနိုင်ငံ ယူကာတန်ကမ်းခြေသို့ ဆက်လက်ရွေ့လျား

ကင်စတန်(ဂျမေကာ) ဇူလိုင် ၁၇

ကာရစ်ဘီယံဒေသရှိ ဂျမေကာနိုင်ငံတွင် အမ်မီလီဟု အမည်ပေးထားသော ဟာရီကိန်းလေမုန်တိုင်းသည် တစ်နာရီလျှင် ၁၅၅ မိုင်နှုန်းဖြင့် စနေနေ့က ဖြတ်ကျော် တိုက်ခိုက်သွားပြီး ယင်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ယူကာတန် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဆီသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

ခန့်မှန်းထား

အမ်မီလီမုန်တိုင်းသည် မုန်တိုင်းများ၏ ပြင်းအား အတိုင်းအတာတွင် အမြင့်ဆုံးအဆင့် ဖြစ်သော အဆင့်ငါးအနေအထားသို့ ပြောင်းလဲလျက်ရှိသည်။ လက်ရှိလမ်းကြောင်းအတိုင်းသာ မုန်တိုင်း ဆက်လက်ရွေ့လျားမည်ဆိုလျှင် တနင်္ဂနွေနေ့နှောင်းပိုင်းသို့မဟုတ် တနင်္လာနေ့ စောစောပိုင်းတွင် ယူကာတန်ပင်လယ်ကမ်းခြေကို မုန်တိုင်း ရောက်ရှိစရာ ရှိသည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။

အကြံပြု

ထိုဒေသရှိဟိုတယ်များသည် တည်းခိုနေသူအပန်းဖြေလာကြသော ဧည့်သည်များ၏ ခရီးစဉ်ကို ရပ်ဆိုင်းပြီး နေအိမ်များသို့ အမြန်ပြန်ကြရန် မေတ္တာရပ်ခံအကြံပြုခဲ့သည်။ ထို့အပြင် အာဏာပိုင်များကလည်း လူထောင်နှင့်သောင်းနှင့်ခိုလှုံနိုင်မည့် အရေးပေါ်ကယ်ဆယ်ရေးစခန်းများကို ကြိုတင်ပြင်ဆင်ထားကြကြောင်း သိရသည်။

အမ်မီလီမုန်တိုင်း၏ ဗဟိုချက်မသည် ဂျမေကာကျွန်းမှမိုင် ၁၀၀ မျှကွာဝေးသော ပင်လယ်ပြင်တွင် တည်ရှိကာ ထိုကျွန်းကိုဖြတ်၍ တိုက်ခတ်သွားသည်။ လူဦးရေ ၂ ဒသမ ၆ သန်းခန့် နေထိုင်သော ဂျမေကာကျွန်းပေါ်တွင် လေပြင်းကျခြင်း၊ မိုးသည်းထန်ခြင်းနှင့် မြေပြိုခြင်း စသောဒုက္ခများကို ကျွန်းသူ ကျွန်းသားများ ခံစားကြရသည်။

ကြုံတွေ့

ထိုမုန်တိုင်းဒဏ်ကြောင့် အိမ်ခြေ ၇၀၀၀၀ မှာ ဓာတ်အား ပြတ်တောက်သွားသည့် အဖြစ်နှင့် ကြုံတွေ့ခဲ့ရသည့်အပြင် နေအိမ်အများအပြားနှင့် လမ်းအများအပြား ရေကြီးရေလျှံသည့် အဖြစ်နှင့် တွေ့ကြရသည်။ အိမ်ခုနစ်လုံး ရေစီးနှင့် အတူမျောပါသွားသည့်အနက် နှစ်လုံးမှာ စိန့်မေရီဒေသ ကျေးရွာမှဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။ အသေအပျောက် အထိအခိုက်သတင်းကို ကြားသိရခြင်း မရှိဟုဆိုသည်။

ဇူလိုင် ၁၆ ရက် ညရ နာရီခန့်တွင် မုန်တိုင်းသည် ဂျမေကာကျွန်းဆီမှ ခွာပြီး မက္ကဆီကိုကမ်းခြေသို့ ဆက်လက်ရွေ့လျားသွားသည်ဟု မီယာမီမိုးလေဝသစခန်းမှ ထုတ်ပြန်ကြေညာသည်။ ထိုမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်အရပ်ဆီသို့ ရွေ့လျားနှုန်း တစ်နာရီလျှင် ၁၈ မိုင်နှုန်းဖြင့် ရွေ့လျားနေခြင်းဖြစ်သည်။

ယင်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ယူကာတန် ပင်လယ်ကမ်းခြေဆီသို့ မရောက်မီ ကာရစ်ဘီယံပင်လယ်အတွင်းရှိ ဗြိတိသျှ ကိုလိုနီကာမင်ကျွန်းငယ်များကို ဦးစွာ ဖြတ်သန်းတိုက်ခတ်သွားမည်ဖြစ်ကြောင်း မိုးလေဝသ ခန့်မှန်းချက်များတွင် ဖော်ပြထားသည်။

ဂျမေကာနိုင်ငံ၏ ရေကြီးလေ့ရှိသော နေရာများတွင် နေထိုင်သူထောင်ပေါင်းများစွာတို့သည် မုန်တိုင်း မကျမီ သောကြာနေ့ကတည်းက ဘေးကင်းရာဒေသရှိ စာသင်ကျောင်းများ၊ ဘုရားကျောင်းများရှိရာသို့ ကြိုတင်ရွှေ့ပြောင်းခဲ့ကြသည်။ နိုင်ငံ၏ အဓိက လေဆိပ်နှစ်ခုဖြစ်သော ကင်စတန် လေယာဉ်ကွင်းနှင့် မွန်တီဂို လေယာဉ်ကွင်း နှစ်ကွင်းစလုံးကိုလည်း ပိတ်ထားလိုက်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆင်းရဲမွဲတေမှု လျှော့ချရေး ရန်ပုံငွေသစ် ထိုင်းအစိုးရ ထုတ်ပေးရန် စီစဉ်

ဗန်ကောက် ဇူလိုင် ၁၇

ထိုင်းအစိုးရအဖွဲ့သည် ဆင်းရဲမွဲတေမှုလျှော့ချရေး အစီအစဉ်အရ နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နောက်ထပ်ရန်ပုံငွေ ဘတ် ၂၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၇၆သန်း)ထုတ်ပေးမည် ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

ထိုင်းနိုင်ငံ တစ်ဝန်းရှိ ကျေးရွာ ၈၀၀၀၀သည် နောက်ထပ် ခွင့်ပြုပေးမည့် ဖွံ့ဖြိုးမှုရန်ပုံငွေများကို ဇူလိုင်လလယ်ထက် နောက်မကျဘဲ ရရှိမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲတစ်ရပ်တွင် ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ဒေသများတွင် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရေးအတွက် လည်းကောင်း၊ ပြည်သူများ၏ ဆင်းရဲမွဲတေမှု လျော့ပါးသက်သာစေရေးအတွက်လည်းကောင်း အစိုးရအဖွဲ့က မူဝါဒရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သက်ဆင်ကပြောကြားသည်။

ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် အစိုးရက ရန်ပုံငွေထောက်ပံ့ပေးရာတွင် မက္ကရိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ကျေးလက်ပြည်သူများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်စေရန်လည်းကောင်း ရည်ရွယ်ကြောင်း သက်ဆင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အတ္တလန္တိတ် ဟာရီကိန်းမုန်တိုင်းရာသီတွင် ပဉ္စမအကြိမ်မြောက် တိုက်ခတ်သည့် အမ်မီလီဟု အမည်ပေးထားသော ဟာရီကိန်း မုန်တိုင်း ရွေ့လျားမှုကို ဖော်ပြသည့် သရုပ်ဖော်ပုံ။

(ဓာတ်ပုံ-အင်တာနက်)

သန္ဓေ၊ တောထွက်၊ ဓမ္မစက် ဟောမြွက်ခါကို လဝါဆို

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

"ပျိုလေးတို့ ကောက်စိုက်ရာ
လိုက်လာနှင့်လေး၊
လိုက်လာလျှင် ရွှံ့စဉ်ရော့မယ်
ဖောင်းကြော့ ရင်သွေး။
ညည်းစိုက်တဲ့ ကောက်ပင်ငယ်
မှန်း ဘယ်မျှကြီး၊
ဟော ကြည့်စမ်းမွန်
တစ်နံ့ကို ဆယ်ပြည်ထွက်တယ်
ဖြိုးအက်လို့သီး"

ကောက်စိုက်သမတေးသံ

ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓ ဓမ္မစကြာတရားဟောကြားတော်မူခဲ့သည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်။ ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလဖြစ်သကဲ့သို့ လယ်ယာစိုက်ပျိုးရေးအတွက် အင်နှင့်အားနှင့် အရှိန်ယူ လုပ်ကိုင်ရသောလ ဖြစ်ပေသည်။ ဝါဆိုလတွင် လယ်ယာလုပ်အားရှင်တို့၏ တေးသံများဖြင့် လယ်ယာမြေအနှံ့ ဆွတ်ပျံ့ဝေစည်နေသည်။ လယ်ယာလုပ်ငန်း အောင်မြင်တိုးတက်မှ တိုင်းပြည်၏ရိက္ခာဖူလုံ၍ စီးပွားတိုးတက်မည် ဖြစ်သည်။ လမြတ်ဝါဆိုကား လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်သောလဟု ဆိုသင့်ပေသည်။

ဝါဆိုလသည် နွေတစ်ပိုင်း၊ မိုးတစ်ပိုင်းရောနှောနေသော လရာသီဖြစ်၍ ထိုလတွင် ရွာသွန်းသော မိုးရေသည် အလွန်အေးမြ၏။ တောတန်းတစ်လျှောက်၌လည်း ဖွေးဖွေးဖြူအောင် ပွင့်နေကြသည့် မိကျောင်းပန်းများကိုတွေ့နိုင်သည်။ ထို့ကြောင့် **"ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"**ဟု အလင်္ကာအဆိုရှိသည်။ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ရေပြည့်လျှံနေသည်ကို မြင်တွေ့ရသည်။

ဝါဆိုလပြည့်နေ့သည် **"သန္ဓေတောထွက်၊ ဓမ္မစက်၊ တချက်ပြာဋိဟာ"** ဆိုသည့်အတိုင်း သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦး ဓမ္မစကြာဟောကြားတော်မူခြင်း၊ ရေအစုံမီးအစုံ တန်ခိုးပြာဋိဟာများကို ပြသတော်မူခြင်းဟူသော ထူးခြားသည့် ဘာသာရေးမှတ်တိုင်ကြီးများကို စိုက်ထူခဲ့သောနေ့ဖြစ်သောကြောင့် ရှစ်လုံးဖွဲ့ မြန်မာကဗျာဖြင့် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးက ဤသို့ခြယ်မှုန်းစပ်ဆိုတင်ပြခဲ့ပါသည်။

"နတ်ဗြဟ္မာပေါင်း၊ ခွင့်တောင်းကြလေ၊ လောင်းတော်နတ်မင်း၊ သက်ဆင်းစုတေ၊ မယ်တော်ဝမ်းတိုက်၊ ကိန်းပိုက်သန္ဓေ၊ ဝါဆိုလ၊ ပုဏ္ဏာဒိဝသေ။

နိမိတ်လေးဆင့်၊ ဘေးဖြင့်ထင်လေ၊ ယသော်ခင်လေး၊ ရင်သွေးရဝေ၊ မငဲ့ကွက်လို့၊ တောထွက်တုံချေ၊ ဝါဆိုလ၊ ပုဏ္ဏာဒိဝသေ။

မိဂဒါတော၊ သာမောမြိုင်ချေ၊ ပဉ္စဝဂ်အား၊ မြတ်ဖျားစိန္တေ၊ ဓမ္မစက်သုတ်၊ မြွက်ထုတ်လုစ်ခြွေ၊ ဝါဆိုလ၊ ပုဏ္ဏာဒိဝသေ။

ပြောင်လျှံထိန်ညီး၊ ရေမီးထွေထွေ၊ အံ့ဘွယ်ဖန်ဆင်း၊ ဖက်ကင်းသရေ၊ အမျိုးမျိုးပ၊ တန်ခိုးသချော်၊ ဝါဆိုလ၊ ပုဏ္ဏာဒိဝသေ။"

ထို့ပြင် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ရဟန်းသံဃာများ ပုရိမဝါ ကပ်ဆိုတော်မူကြသည်။ သာမန်အားဖြင့် ထိုဝါတွင်းသုံးလ၌ ရဟန်းတော်များသည် မိမိသီတင်းသုံးရာကျောင်းတိုက်မှ အခြားတစ်ပါးသို့ ခရီးယာယီမသွားရပေ။ မလွှဲမရှောင်သာ သွားရလာရသည်ရှိသော် ယင်းသို့သွားရသည့်ခရီးကို **"ဝါပန်သည်"**ဟုဆိုကြသည်။ မည်သို့ ဆိုစေ ရဟန်းတော်တို့သည် ဝါပန်သည့်အမှုကို ပြုခဲလှပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အားလုံးက ဝါဆိုလကို လထူးလမြတ်အဖြစ် သတ်မှတ်ထား ကြခြင်း ဖြစ်ပေသည်။

ဖေဒင်အခေါ်အဝေါ်အားဖြင့် ဤလကို ကရကဋ်ရာသီဟု ခေါ်သည်။ ပြုဗ္ဗာသာဠ်နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်တွင် ယှဉ်ပြိုင်ထွန်းပ၏။ နေမင်းကား ဖုသျှနက္ခတ်နှင့်ယှဉ်ပြိုင်၏။ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်၏။ ရာသီပန်းကား ပုန်းညက်ပန်း၊ မြတ်လေးပန်းတို့တည်း။ ရှေးမြန်မာဘုရင်များသည် **"ပဉ္စင်းတော်ခံပွဲ"**ကို ဤလ၏ရာသီပွဲတော်အဖြစ် ဆင်ယင် ကျင်းပလေ့ ရှိကြ၏။ **"နေ့မှာဝါဆို၊ ညမှာပြာသို"** ဆိုသကဲ့သို့ ညတာတို၍ နေ့တာအရှည်ဆုံးသော ရက်စုံလဖြစ်သည်။ ဝါဆိုလ၌မွန်းတည့်ချိန်တွင် အရိပ်မထွက်၊ နေပူတွင်ရပ်နေလျှင် လူရိပ်သည် လူ့အောက်ပျောက်နေ၏။ ဤကိုရည်၍ **"ဝါဆိုလူ့အောက်၊ အရိပ်ပျောက်"**ဟုဆိုကြခြင်းဖြစ်သည်။

ဘိုးတော် အဉ္ဇနမင်းကြီးသည် ၈၆၄၀ ခုသော သက္ကရာဇ်ကို ဖြိုပြီးသည့်နောက် အသစ်သောသက္ကရာဇ် မဟာသက္ကရာဇ် ၆၇ ခု၊ ရာသီကရကဋ်လမြတ်ဝါဆို မောက်မိုပြည့်လျှမ်း ပဏ္ဏရတိထိ အောင်ချိန်ညီသည့် သန်းခေါင်ယံစခန်း ဥတ္တရာသဠ်နက္ခတ်နှင့် စန်းမြတ်ယှဉ်ချိန်တွင် ဂေါတမဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထကုမာရမင်းသားသည် မယ်တော်မာယာ၏ ရွှေကြာတိုက် ဝမ်းတော်အတွင်းသို့ ပတ္တမြားရွှေကြုတ် နှုတ်ငုံတော်အရင့်အမာကိန်းအောင်းစံပျော်လာပေသည်။ ထိုအခါ တစ်သောင်းသောစကြာဝဠာသည် သွက်သွက်ခါ တုန်ဟည်းပြီးနောက် ၃၂ပါးသော ပုဗ္ဗနိမိတ်တို့ ထင်ကုန်လေသည်။ ဤသည်ကား ဝါဆိုလ၏ ထူးမြတ်ပုံတစ်ရပ်တည်း။

"သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို" ဟု လယ်တီ ဆရာတော်က မှတ်တမ်းတင်ခဲ့ပါသည်။

သိဒ္ဓတ္ထကုမာရသည် သက်တော်တစ်ဆယ့်ခြောက်နှစ် အရွယ်ရောက်လတ်သော် ဘဒ္ဒကစ္စနာ အမည်သာသည့် ယသော်ဓယာ ပိမ္ပာဒေဝီနှင့် စုလျားရစ်ပတ် လက်ထပ်တော်မူသည်။ နတ်စည်းစိမ်နှင့် မယှဉ်သော လူမင်းစည်းစိမ်ကို သက်တော် နှစ်ဆယ့်ရှစ်နှစ်သို့ ရောက်သည်အထိ စံစားတော်မူသည်။

မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ သည်နှစ်မတိုင်မီ သိဒ္ဓတ္ထကုမာရသည် ဥယျာဉ်တော်သို့ ထွက်ကြွရာ၌ သူအို၊ သူနာ၊ သူသေ တို့ကို လေးလတစ်ကြိမ် တွေ့မြင်သိရှိ တရားသံဝေဂရခဲ့သည်။

နောက်ဆုံးအကြိမ် ထွက်ကြွရာ၌ကား ရဟန်းအသွင် သူတော်စင်ကို တွေ့မြင်ရသည်။ တရားသံဝေဂ ရယူနေဆဲ ကြင်ရာတော် ဘဒ္ဒကစ္စနာဝယ် သားတော် ဖွားမြင်ကြောင်း ကြားသိရသည်။ သားဦးသားမြတ်ဖွားမြင်ကြောင်းကြား သိရသည်တွင် ဝမ်းသာအားရ ဖြစ်တော်မူရမည့်အစား ကျဉ်းကျပ်သော နှလုံးတော်ရှိလှ၍ လကို ရာဟုဖမ်းသကဲ့သို့ ကြင်ရာမယား ဟူသော အနှောင်အဖွဲ့တွင် ယခု သားတော်ထပ်မံ၍ နှောင်ဖွဲ့ပြန်လေပြီဟု သတိသံဝေဂ ရတော်မူလေသည်။ ယင်းသို့သောအကြောင်းကြောင့်ပင် သိဒ္ဓတ္ထကုမာရသည် ကပ္ပိလဝတ်နေပြည်တော်ရွှေနန်းတော်မှ သန်းခေါင်ယံ ကာလတွင် ကဏ္ဍကမြင်းထက်သို့တက်ကာ ဖွားဖက်တော် ငယ်ကျွန်ဆန္နအား မြင်းမြီးကိုဆွဲစေလျက် နိက္ခမ ပါရမီတော် တောထွက်ခြင်းအမှုကို ပြုလေသည်။ ထိုနေ့ကား ဝါဆိုလပြည့် တနင်္လာနေ့ပင်တည်း။

"ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်ခန်းမှာကိုး"ဟု လယ်တီဆရာတော်က ဤကဲ့သို့ ဖွဲ့ဆိုမှတ်တမ်းတင်ခဲ့ပါသည်။

ဘုရားအလောင်း သိဒ္ဓတ္ထကုမာရသည် အနော်မာမြစ်တစ်ဖက်ကမ်းသို့ အရောက် ဆံတော်ကိုပယ်ကာ ရဟန်းပြုတော်မူသည်။ ထို့နောက် ဥရုဝေလတောသို့ကြွ၍ ခြောက်နှစ်ကာလပတ်လုံး သူမတူအောင် ခက်ခဲလှသော ဒုက္ကရစရိယာကို ဖြည့်ကျင့်ဆည်းပူးတော်မူသည်။ ယင်းအကျင့်ဖြင့် လမ်းမှန်သို့ မရောက်နိုင်မှန်းသိသောအခါ မဇ္ဈိမပဋိပဒါလမ်းစဉ်သို့ ပြောင်းရွှေ့ကျင့်သုံး လုံ့လပြုတော်မူသောကြောင့် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် သုံးလောကအထွတ် တမွတ်မှန်ကူ သယမ္ဘူအဖြစ်သို့ ရောက်တော်မူသည်။

ဖောဓိပင်နှင့်ရွှေပလ္လင်ကို အောင်တော်မူပြီး၍ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူသောအခါ သုံးလောကရှိ ဝေနေယျ သတ္တဝါအများကို မြတ်တရားပြချွေချွတ်ရန် ကြံရွယ်တော်မူသည်။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်တော်မူ၍ ရက်ပေါင်းခြောက်ဆယ်အကြာ မဟာသက္ကရာဇ် ၁၀၃ ခု (၅၂၈ ဘီစီ)၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေခင်း နေဝင်ဆည်းဆာအချိန်တွင် မိဂဒါဝုန် သာမျိုးစုံသော ရဂုံသာမောအင်ကြင်းတောသို့ကြွကာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ အမည်ရှိ ပဉ္စဝဂ္ဂီငါးဦးတို့အား ဗုဒ္ဓ၏ဝါဒ အမြိုက်တရား ဓမ္မစကြာဒေသနာကို ဟောတော်မူလေသည်။

ထိုနေ့ကား မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့် စနေနေ့ ညဉ့်ဦးယံအချိန်ပင်တည်း။

"သီဝံငယ်ပိုင်မှတ်၊ သုံးလူ့နတ်လဲ၊ မြိုင်ရပ်ကယ်ခန်းဝါ၊ မိဂဒါဝယ်၊ သေချာနဲ့နက်၊ ဓမ္မစက်ကို၊ ဖန်မြွက်ကယ်နှုတ်ရွှေ ဗျာခွန်းခြွေလို့၊ စုံခြေသသာ၊ ထုံပေါင်းခတဲ့၊ လနိန္နရာ၊ ချိန်သည်ခါကို၊ ဣန္ဒာဘုန်းနွယ်၊ လွမ်းပုံတော် ကြွယ်တဲ့အောင်၊ ကိုးနယ်ဖွဲ့ ဒီသာမှာ၊ စည်ဂီဝါ အောင်သံရွှမ်းလို့၊ သွန်းမဲ့ဟန်ပြု" ဟူ၍ စာဆိုတော် လူဦးမင်းက ဖွဲ့ဆိုမှတ်တမ်းတင်ခဲ့သည်။

ရှေးယခင်က ကျင့်ကြံအားထုတ်ခဲ့ကြသော လမ်းနှစ်သွယ်ရှိခဲ့သည်။ ပထမလမ်းမှာ ပျော့လွန်း လျော့လွန်းသောလမ်းဖြစ်သည်။ ငါးပါးအာရုံ ကာမဂုဏ်၌ ပျော်မွေ့ပြီး စွမ်းအားကို လျော့ပါးဆုတ်နှစ်စေသည့်လမ်းသာ ဖြစ်နေသည်။ ဤလမ်းစဉ်ကိုလိုက်ခြင်းဖြင့် ခရီးမတွင်ကျယ်နိုင်၊ လိုအပ်သောပန်းတိုင်သို့ ရောက်နိုင်မည်မဟုတ်၊ "ပေးကားပေး၏ မရ"ဆိုသကဲ့သို့ သွားကားသွား၏ မရောက်နိုင် ဖြစ်နေမည်။

ထို့ကြောင့် ဤလမ်းကား အစွန်းထွက်နေသော လမ်းကြောင်းစင်စစ်ဖြစ်၍ မသွားသင့်၊ မသွားထိုက်ပေ၊ ဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်း လမ်းကောင်းမဟုတ်ချေ။

ဒုတိယလမ်းမှာလည်း လွန်စွာကြမ်းတမ်း ခက်တရော်လှသည့် လမ်းကြမ်းကြီး ဖြစ်နေပြန်သည်။ ရှေးယောဂီကြီးတို့ ကျင့်ရိုးတွင် ကိလေသာစင်ကြယ်အောင် ရေမိုးချိုးမှုပြုကြသည်။ ကိလေသာခန်းခြောက်အောင် ကြက်၊ ဝက်ကင်သကဲ့သို့ ကိုယ်ခန္ဓာကို မီးကင်ကြသည်။ ကိလေသာ လျော့ကျအန်ထွက်စေခြင်းငှာ တုံးကိုခုန်ကြ၊ လွှားကြသည်။ ဤကျင့်စဉ်ကား ခန္ဓာကိုယ်ကို ညှဉ်းပန်းနေခြင်းသာ ဖြစ်ချေသည်။ အဘယ်မျှပင် အားထုတ်စေကာမူ ဤလမ်းစဉ်ဖြင့် တစ်စုံတစ်ခုသောအကျိုး ဖြစ်ပေါ်လာဖွယ်မရှိ။ ကောင်းသောလမ်း၊ မှန်သောလမ်း၊ ဖြောင့်ဖြူးသောလမ်းမဟုတ်၍ ဤလမ်းစဉ်သို့လည်း မလိုက်ထိုက်၊ မသွားထိုက်။

ဗုဒ္ဓသည် ထိုလမ်းနှစ်သွယ်၏ မနှစ်လိုဖွယ်ရာသော အပြစ်တို့ကို ဤသို့လျှင် သိမြင်တော်မူပြီးနောက် တင်းလည်းမတင်းလွန်း၊ လျော့လည်း မလျော့လွန်းသော မဇ္ဈိမပဋိပဒါလမ်းကြောင်းတစ်ခုကို ရှာကြံတွေ့ရှိလေသည်။ ဤလမ်းကြောင်းသည်သာလျှင် သတ္တဝါတို့အား အမြင်မှန်ကို ပေးစွမ်းနိုင်သည်။ အသိဉာဏ်ကို ပေးနိုင်သော လမ်းကြောင်းဖြစ်သည်။ ကိလေသာပူပန်မှုကို ငြိမ်းစေခြင်းငှာလည်းကောင်း၊ ခွဲခွဲခြားခြား အသိတရားပွားစေခြင်းငှာလည်းကောင်း စင်စစ် အကျိုးပြုနိုင်ပေသည်။ ဤလမ်းကြောင်းသည်သာလျှင် သတ္တဝါတို့နှင့် အသင့်လျော်ဆုံး၊ အကောင်းဆုံးသောလမ်း ဖြစ်သည်ဟု မြင်လာသည်။ ဗုဒ္ဓသည် ပဉ္စဝဂ္ဂီရဟန်းတို့အား **"ဘိက္ခဝေ"**ဟု ခေါ်တော်မူပြီးလျှင်–

"အိုချစ်သားတို့ ကိလေသာတင်းကျမ်းပြည့်ရှိနေသော'ကာမသုခလ္လိကာနုယောဂ' လမ်းပျော့နှင့် ခန္ဓာကိုယ်ကို ညှဉ်းပန်းသည့် 'အတ္တကိလမထာနုယောဂ'လမ်းကြမ်း။ ဤလမ်းကြောင်းနှစ်ခုတို့သို့ သင်တို့ မချဉ်းကပ်ကြလေကုန်လင့်၊ အလုပ်အကျွေးမပြုကြလေကုန်လင့်၊ ထိုလမ်းများကား သင်တို့လိုလားနေသော လွတ်မြောက်မှုကို မပေးစွမ်းနိုင်"

"အိုချစ်သားတို့ ငါသည် မလျော့လွန်း၊ မတင်းလွန်း ဗဟိုချက်ချာ 'မဇ္ဈိမပဋိပဒါ'လမ်းကြောင်းတစ်ခုကို တွေ့ရှိ ထားပေပြီ။ ထိုလမ်းကား အမှန်တရားကို သိမြင်စေတတ်သော မျက်လုံးကိုလည်းပေးပေ၏။ ဉာဏ်ကိုလည်း ပေးပေ၏။ ကိလေသာ အပူငြိမ်းအေးမှုအတွက် လည်းကောင်း၊ နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် ရောက်မှုအတွက်လည်းကောင်း ကောင်းမွန်ထိရောက်စွာ အကျိုးပြုစွမ်းနိုင်သော လမ်းကောင်းလမ်းမှန်ပေတည်း"

မြတ်စွာဘုရား ဟောကြားတော်မူသည့် ဓမ္မစကြာတရားတော် ပြီးဆုံးသောအခါ

ဝါဆိုလပြည့်နေ့တွင် ကောဏ္ဍညမထေရ်သည် ဉာဏ်အလင်း ပေါက်၍ သောတာပန် ဖြစ်လေသည်။

- ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဝပ္ပမထေရ်သည် သောတာပန် ဖြစ်သည်။
- ဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ ဘဒ္ဒိယမထေရ်သည် သောတာပန် ဖြစ်သည်။
- ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ မဟာနာမ်မထေရ်သည် သောတာပန် ဖြစ်သည်။
- ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ အဿဇိမထေရ်သည် သောတာပန် ဖြစ်သည်။

ဤကဲ့သို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍ "ဧဟိဘိက္ခု" ရဟန်းအဖြစ်ကို အသီးသီးခံယူကြလေသည်။

လမ်းကြမ်းလမ်းနု ဤနှစ်ခုကိုပယ်စေ၍ ဗုဒ္ဓမြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "မဇ္ဈိမပဋိပဒါ"လမ်းသို့လိုက်ကြရန် တိုက်တွန်းညွှန်ပြတော်မူပြီးလျှင် မဂ္ဂင်ရှစ်ပါးကိုဟော ကြားတော်မူသည်။ မဂ္ဂင်ရှစ်ပါးမှာ–

၁။ စစ်မှန်သောအမြင် (သမ္မာဒိဋ္ဌိ)
၂။ ရင့်ကျက်သောအတွေးအခေါ် (သမ္မာသင်္ကပ္ပ)
၃။ ကောင်းစွာဆိုအပ်သော စကား (သမ္မာ ဝါစာ)
၄။ ကောင်းစွာလုပ်ကိုင်အပ်သော အလုပ် (သမ္မာကမ္မန္တ)
၅။ စင်ကြယ်သော အသက်မွေးဝမ်းကျောင်း (သမ္မာအာဇီဝ)
၆။ တက်တက်ကြွကြွ ကြိုးပမ်းအားထုတ်မှု (သမ္မာဝါယမ)
၇။ မမေ့မလျော့ သတိ အမြဲထားရှိမှု (သမ္မာသတိ)
၈။ တည်ကြည်ကြံ့ခိုင်သော စိတ်ဓာတ် (သမ္မာသမာဓိ)တို့ဖြစ်သည်။

ဗုဒ္ဓသည် ဤမဇ္ဈိမပဋိပဒါလမ်းကြောင်းကို ဖောက်လုပ်ပေးလျက် သတ္တဝါတို့အား နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် လျှောက်သွားစေခဲ့သည်။ နိဗ္ဗာန်သို့မရောက်သည့်တိုင်အောင် ထိုလမ်းစဉ်ကို ကျင့်ခြင်းအားဖြင့် ယုတ်စွအဆုံး လူတော်လူကောင်း တစ်ယောက်အဖြစ် မားမားမတ်မတ် ရပ်တည်လာနိုင်ပေသည်။ ဒုစရိုက်တံခါးပိတ်၍ သုစရိုက်တံခါး ဟာလာဟင်းလင်းကြီး ပွင့်နေ ပေလိမ့်မည်။

"ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ ခညောင်းကပ်လှာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော် ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို" ဟူ၍ လယ်တီဆရာတော်ကြီးက ခြယ်မှုန်းမှတ်တမ်းတင်ခဲ့ပါသည်။

ဝါဆိုလ၏ ရာသီပွဲကား ပဉ္စင်းတော်ခံပွဲ ဖြစ်သည်။

"နဘံမှာပြာမိုန်ခပါလို့၊ ဝသန္တာခါချိန်စမှာမို့၊ နာဂိန်ပ တာရာဆင်၊ အာကာခွင်က ပဇ္ဇုန်ဖျန်း၊ ပဉ္စင်းတော်ခံ၊ မယွင်းတော် အခါတန်ပေါ့၊ မဟာဒါန် အဌင်္ဂငယ်နဲ့၊ ဘဂဝါအရဟံ ရှင်ပြင်ဝမှာ လ၊ တင်သရန် မာလာကုံးကြတယ်ကွယ်၊ ပုန်းညက်ငွေပန်း"ဟူ၍ မဟာဂီတ ဦးပြုံးချိုက ဝါဆို၏သရုပ်ကို ဖော်ထုတ်သီကုံးခဲ့သည်။

ဤရာသီတွင် ဘုရားသခင်ကိုယ်တော်မြတ်၏ တပည့်သား သံဃာတော်အပေါင်းတို့သည် ဝါဆိုဝါကပ်ခြင်းအမှုကို ပြုကြရသည်။

"ဣမသ္မိံ ဝိဟာရေ၊ ဣမံ တေမာသံ ဝဿံ ဥပေမိ" ဤကျောင်းတွင် ဝါတွင်းသုံးလပတ်လုံး ဝါကပ်ခြင်းအမှုကို ပြုပါသည်။ အခြားအရပ်တစ်ပါးသို့ ထွက်ကြွခြင်းမပြုပါဟု မြတ်ဘုရားထံ ဝန်ခံသမှု ကတိပြုထားရသည်။

ဝါဆိုလပြည့် တနင်္လာနေ့ညဉ့်ပင် တောထွက်တော်မူသော အလောင်းတော်သည် ယုတ်မာစိတ်ထား မာရ်နတ်သားက တောမထွက်ရန် ဟန့်တားကန့်ကွက်သည်ကို အောင်နိုင်ခဲ့သည်။

သက်တော် (၄၁)နှစ်၊ ဝါတော်ခြောက်ဝါ ရရှိပြီးသော မြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေ၊မီး အစုံအစုံ သော တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

တန်ခိုးပြာဋိဟာနှင့် လောကဝိဝရဏခေါ် စကြဝဠာ ကမ္ဘာလောကကြီးကို လူသားတိုင်း ဟင်းလင်းမြင်စေရန် အံ့သြဖွယ် တန်ခိုးတော်ကို ပြတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဝါဆိုလပြည့်နေ့ည တန်ခိုးပြာဋိဟာပြပြီးသည့်အဆုံး၌ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ အဘိဓမ္မာတရားကို ဟောကြားခြင်းငှာ သတ္တမဝါကပ်တော်မူသည်။

ဤသို့အားဖြင့် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓ၏အဆုံးအမဩဝါဒကို လိုက်နာကျင့်ကြံကြသည့် ကလျာဏအပေါင်း သူတော်ကောင်းတို့အတွက် နေ့ထူးနေ့မြတ် ဖြစ်ပေသည်။ ဤနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကျောင်းကန်များသို့ သွားရောက်ကာ သံသရာဝဲဩဃမှ လွတ်ကင်းရေးအတွက်ကောင်းမှုကုသိုလ်အစုစုကို ပြုလေ့ရှိကြသည်။ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း၊ ရေချမ်းစသည့် ဒါတဗ္ဗဝတ္ထု အစုစုတို့ကို လှူဒါန်းပူဇော်လျက် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်အောင် ပြုလေ့ရှိကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး ဒေါ်ခင်ခင်လေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်ဇနီး ဒေါ်ခင်မြင့်ဝေတို့အား အမှူးထား၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ကမ္ဘာအေးစေတီလမ်း ကမ္ဘောဇရိပ်သာရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက (မကွေး)ဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီးယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး ဒေါ်ခင်ခင်လေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်ဇနီး ဒေါ်ခင်မြင့်ဝေ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဝန်ထမ်းမိသားစုများတက်ရောက်ကြသည်။

ရွတ်ပွားချီးမြှင့်

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ (ရေနံချောင်း)ဆရာတော် ဘဒ္ဒန္တတေဇနိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်ဇနီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် ယောဆရာတော် ဘဒ္ဒန္တသီရိနန္ဒာဘိဝံသက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်သည်။ ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်ဇနီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်အား ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက်က အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး ဆွမ်းဆက်ကပ်လှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၁၈

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော် အမှူးပြုသော သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ် ဆွမ်းစားဆောင်၌ ကျင်းပရာ ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် ဇနီး၊ ဧည့်ပရိသတ်တို့က ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး ဒေါ်ခင်မာအေးတို့က နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ဆရာတော် သံဃာတော်တို့အတွက် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ် နှစ်သိန်းနှစ်သောင်းကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ပေးအပ်လှူဒါန်းသည်။ ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရန်ကုန်ဆန်လှူအသင်း ဆွမ်းဆန်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၂၂၅)ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၇၇ တိုက်မှ စာချစာသင်သံဃာတော်ပေါင်း ၁၉၀၀၀ ကျော်အား ဆန်တင်း ၃၀၀၀ ကျော်၊ တန်ဖိုးငွေကျပ် ၂၃၇ သိန်းကျော်ကို ဝါဆိုလပြည့်နေ့ မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံရင်ပြင် ဦးမောင်ကလေး-ဒေါ်ကျုတ် တန်ဆောင်းတော်ကြီး၌ အသင်းကြီး၏ ဩဝါဒါစရိယ ရွှေလှိုင်ဆရာတော် ဦးသံဝရဇောတိက ရေစက်သွန်းချမည် ဖြစ်ပြီး ဝါဆိုလပြည့်ကျော် ၁ရက်နေ့မှ စ၍ကျောင်းတိုက်အသီးသီးသို့ ပို့ဆောင်လှူဒါန်းမည်ဖြစ်သည်။

(က-ပ)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၈

သဃ်င်္န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက် မီးဒုံးလမ်းရှိ စနေပတ်ဆွမ်းလောင်း အသင်း ဓမ္မာရုံကြီးတွင် စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့) ဗုဒ္ဓဟူးနေ့ တွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ်၊ သပိတ်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



ဆက်ကပ်

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပဠမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်က မြောက်ဥက္ကလာပမြို့နယ် ဥက္ကာ(၅)လမ်းရှိ ACA ခန်းမ၌ကျင်းပရာ သံဃာတော်များအား ကျောင်းသားဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ပညာရေး)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဒေါ်လုံးတင်အားရည်စူး၍ အလှူရှင် ဦးသန်းဖေနှင့် သားသမီးမြေးတစ်စု (ကြောင်ပုံဖိနပ်ဆိုင်) အမှတ် ၁၀၂၄၊ ရွှေလက်လှလမ်း ရွှေလက်လှရပ် ပြည်မြို့မှ အလှူငွေ ကျပ်နှစ်သိန်းကို အတွင်း ရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အုတ်ဖိုမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၈

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီ တွင် အသင်းတိုက်တည်ရာ အမှတ် (၅၅/အယ်လ်) ရန်ကုန်-အင်းစိန်လမ်းမကြီး (၁၃)ရပ်ကွက် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်၍ သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယ ဗိုလ်မှူးကြီး တင်ကြိုင် ဖုန်း-၆၈၀၉၁၃၊ ဒုတိယ ဗိုလ်မှူးကြီးအေးသန်းထွန်း(ငြိမ်း) ဖုန်း-၆၃၅၉၀၆၊ ဦးတင်ညို ဖုန်း-၅၄၈၉၆၁၊ ဒုတိယ ဗိုလ်မှူးကြီး သန်းထွေး(ငြိမ်း) ဖုန်း-၆၅၀၁၉၇၊ ဦးအေးဝင်း ဖုန်း-၃၈၂၉၂၆ တို့ထံ ဆက်သွယ်လှူဒါန်းရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စိုက်ပျိုးရေးပညာပေးသင်တန်းသူများ အဇင်းဥယျာဉ်ခြံ ကွင်းဆင်းလေ့လာ

ရန်ကုန် ဇူလိုင် ၁၈

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်သည် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ စိုက်ပျိုးရေးသင်တန်း တက်ရောက်နေသည့် သင်တန်းသူများနှင့်အတူ ဇူလိုင် ၁၂ရက် နံနက်ပိုင်းက မုဒုံမြို့နယ်ရှိ အဇင်း ဥယျာဉ်ခြံသို့သွားရောက်၍ ကွင်းဆင်း လေ့လာကြရာ ခြံမန်နေဂျာက သံပရာ၊ ရှောက်၊ ကျွဲကောကိုင်းဆက်စိုက်ပျိုးခြင်းနှင့် ဧရတ်ကောင်းပင်၊ ကွမ်းပင်များ စိုက်ပျိုးခြင်းတို့ကို စာတွေ့နှင့်လက်တွေ့ သင်ကြားပြသ ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ကြည့်ရှုလေ့လာ

ယင်းနောက် အဖွဲ့ဝင်များသည် ကန်ကလေး ဥယျာဉ်ခြံသို့ရောက်ရှိရာ ခြံမန်နေဂျာက ဒူးရင်း၊ ကြက်မောက်၊ မင်းကွတ် ကိုင်းဆက်စိုက်ပျိုးခြင်းနှင့် အပင်များ ရှင်သန်ကြီးထွားလာအောင် ပြုစုပုံ အဆင့်ဆင့်တို့ကို လက်တွေ့သင်ကြားပြသပေးပြီး သင်တန်းသူများသည်ခြံအတွင်း ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

● ရှေ့ဖုံးမှ

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသနေမှု တိုက်ရိုက်ထုတ်လွှင့် ပြသခြင်းကို ကြည့်ရှုအားပေးရာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆေးကုသရေး အဖွဲ့ခေါင်းဆောင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုးက ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အားပေးစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့က ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သော ဦးကျော်မင်း၏ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှုအားပေးပြီး အတွင်းရေးမှူး(၁)က မိမိတို့ ဆေးပညာရှင်များ၏ ကျွမ်းကျင်မှုကြောင့် ပြည်တွင်းမှာပင် ကျောက်ကပ်အစားထိုး ကုသမှုလုပ်ငန်းများကို ဆက်ကာဆက်ကာ အောင်မြင်စွာ အစားထိုးကုသမှုပြုနိုင်ခဲ့ကြောင်း၊ ကျောက်ကပ်အစားထိုး ကုသမှုအတွက် ကျောက်ကပ်ပေးလှူဒါန်းကြသည့် ညီအစ်ကိုမောင်နှမ၊ သားအမိတို့၏ ကြီးမားသည့် မေတ္တာတရားကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် အားပေးစကား ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့က ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သည့် ဦးကျော်မင်း အတွက် ကျောက်ကပ်လှူဒါန်းခဲ့သည့် ညီမဖြစ်သူ မသီတာချော၏ ကျန်းမာရေး အခြေအနေကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခွဲစိတ်ခန်းမကြီးသို့ သွားရောက်၍ ယနေ့ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ခံယူနေသည့် မိခင်ဖြစ်သူဒေါ်ရင်ကြည်အတွက် ကျောက်ကပ်ပေးလှူခဲ့သည့် သားဖြစ်သူ ဦးမိုးယုအား သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒေါ်ရင်ကြည်အား ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးနေမှု အခြေအနေ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းကို ထပ်မံကြည့်ရှုရာ ပါမောက္ခ ဒေါက်တာပိုင်စိုးက ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ကြသည့် ပါမောက္ခများ၊ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ကြသည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

ကြည့်ရှုအားပေး

အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သည့် ဦးကျော်မင်း အတွက် ကျောက်ကပ် လှူဒါန်းခဲ့သည့် ညီမဖြစ်သူ မသီတာချော၏ ကျန်းမာရေး အခြေအနေကို ကြည့်ရှုအားပေးစဉ်။

(ကျန်းမာရေး)

ကျန်းမာရေးကောင်းမွန်

ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ယမန်နေ့က (၁၁)ကြိမ်မြောက် ပထမတွဲအဖြစ် ကျောက်ကပ်အစားထိုး ကုသမှုခံယူခဲ့ကြသည့် ကျောက်ကပ်အလှူရှင် ညီမဖြစ်သူ မသီတာချောနှင့် ကျောက်ကပ်အစားထိုး ကုသမှုခံယူသူ အစ်ကိုဖြစ်သူ ဦးကျော်မင်းတို့၏ ကျန်းမာရေးအခြေအနေနှင့် ယနေ့ (၁၁)ကြိမ်မြောက် ဒုတိယတွဲအဖြစ် ကျောက်ကပ်အစားထိုး ကုသခံယူသည့် ကျောက်ကပ်အလှူရှင် သားဖြစ်သူ ဦးမိုးယုနှင့် ကျောက်ကပ်အစားထိုး ကုသမှုခံယူသူ မိခင်ဒေါ်ရင်ကြည်တို့၏ ကျန်းမာရေးအခြေအနေတို့မှာ ကောင်းမွန်လျက်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ အမျိုးသမီးများအား အလုပ်အကိုင် ရှာဖွေပေးအပ်ခြင်း အခမ်းအနားတွင် လှိုင်သာယာမြို့နယ် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သောင်း လှိုင်သာယာမြို့နယ်မှ အလုပ်အကိုင် ရရှိသွားသော အမျိုးသမီးများကိုယ်စား အဖွဲ့ခေါင်းဆောင် များအား အလုပ်ခန့်အပ်လွှာများကို ပေးအပ်စဉ်။

(သတင်းစဉ်)

ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်တို့မှ အမျိုးသမီးများအား အလုပ်အကိုင် ရှာဖွေပေးအပ်ခြင်း အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ အမျိုးသမီးများအား အလုပ်အကိုင်ရှာဖွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရွှေပြည်သာစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ရွှေပြည်သာနှင့် လှိုင်သာယာ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ စက်ရုံလုပ်ငန်းရှင်များ၊ အလုပ်အကိုင် ရရှိသွားကြသော စက်ရုံဝန်ထမ်းအမျိုးသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်ချက်များနှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ အမျိုးသမီး ငယ်ရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်မြောက်ပိုင်း ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက ခရိုင်အတွင်းရှိ အမျိုးသမီး ငယ်ရွယ်များအား အလုပ်အကိုင်ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်သောင်းနှင့် ရွှေပြည်သာမြို့နယ် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းလွင်တို့က ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ အလုပ်အကိုင် ရရှိသွားသော အမျိုးသမီးများကိုယ်စား အဖွဲ့ခေါင်းဆောင်များအား အလုပ်ခန့်အပ်လွှာများကို ပေးအပ်သည်။

ယင်းနောက် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက အလုပ်အကိုင် ရရှိသွားသော အမျိုးသမီးများ၏ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ အလုပ်အကိုင်အခွင့်အလမ်းရရှိသွားသော အမျိုးသမီးများကိုယ်စား ရွှေကြာပန်း အထည်ချုပ်စက်ရုံမှ ဒေါ်အေးအေးမာက အလုပ်အကိုင်ရရှိစေရန် ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် စက်ရုံလုပ်ငန်းရှင်များကိုယ်စား ရွှေပြည်သာစက်မှုမြို့ရှိ Pacific Knitteသိုးမွှေးထိုးစက်ရုံမှ အထွေထွေမန်နေဂျာ ဦးဇော်မင်းက အမျိုးသမီး ငယ်ရွယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှာဖွေပေးအပ်

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ အမျိုးသမီးငယ်ရွယ်များ အလုပ်အကိုင် ရရှိစေရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထပ်မံ၍ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးအပ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကွင်းဆင်းဆောင်ရွက်

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်၊ လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်တို့ ဦးစီးသော စည်ပင်ဝန်ထမ်းများ ဇူလိုင် ၁၅ ရက်က မော်လမြိုင်နှင့် သံဖြူဇရပ်သွား ကားလမ်းမကြီး တစ်ဝိုက် စိမ်းလန်းစိုပြည် လှပစေရေးအတွက် ပန်းအလှပင်များ ပုံသွင်းဖြတ်ညှပ်ခြင်း၊ ပေါင်းသင်ခြင်းတို့ကို စုပေါင်းကွင်းဆင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

လယ်ယာ သားငါး၊ ပြည့်စီးပွား
စပါးက ရွှေ ငါးက ငွေ

▲ ဓာတ်အား ၁၅ မဂ္ဂါဝပ်မှ

ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရန်တို့အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို စူးစမ်းရှာဖွေ တည်ဆောက်လျက်ရှိသည်။

ပွင့်လင်းရာသီ စတင်မည်

အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ရေဆင်းဧရိယာ ၂၅၉ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၁၄၁ ဒသမ ၃၅ လက်မ၊ နှစ်စဉ်ပျမ်းမျှ ရေထုစီးနှုန်း ၉၀ ဒသမ ၉၅ ကုဗပေ/စက္ကန့်၊ နှစ်စဉ်စီးဝင်ရေ ၁၇၁၃၂၂ ဧကပေရှိ အမ်းချောင်းပေါ်တွင် တမံအလျားပေ ၁၆၄၀၊ တမံအမြင့် ၁၇၅ပေ၊ ရေအားအမြင့်ပေ ၁၄၀ရှိ ရေလှောင်တမံ တည်ဆောက်၍ စက်တပ်ဆင်အင်အား ငါးမဂ္ဂါဝပ် စက်သုံးလုံးဖြင့် ဓာတ်အား ၁၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းကိုလာမည့် ပွင့်လင်းရာသီတွင် စတင်လုပ်ဆောင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမ်းမြို့သို့ ပြန်လည်ရောက်ရှိကြပြီး နံနက် ၁၀နာရီ ၄၅မိနစ်တွင် အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သူနာပြုများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

အစီအစဉ်အရ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က ကျောက်ဖြူခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားရာ၌ အမ်းမြို့သည် ရခိုင်ပြည်နယ်၏ ကုန်းလမ်းဝင်ပေါက်တစ်ခုဖြစ်သော မင်းဘူး–အမ်းလမ်းပေါ်ရှိ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ စစ်တွေမြို့သို့လည်းကောင်း၊ အမ်း–မအီ–တောင်ကုတ်လမ်းမှတစ်ဆင့် ဂွမြို့သို့လည်းကောင်း၊ မအီ–ကျောက်ဖြူလမ်းမှတစ်ဆင့် ရမ်းဗြဲနှင့် ကျောက်ဖြူမြို့များသို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်သွားလာ၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုနိုင်နေကြပြီဖြစ်ရာ စီးပွားရေးတစ်စတစ်စ ဖွံ့ဖြိုးတိုးတက်သည့် မြို့တစ်မြို့ ဖြစ်လာတော့မည်ဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ပြည်ထောင်စုတစ်ဝန်းလုံးတွင် အကြားအလပ်မရှိ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပြည်နယ်နှင့်တိုင်းရှိ မြို့ကြီးများ ဖွံ့ဖြိုးစေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် မြို့ပြသာမက ကျေးလက်ပါမကျန် ဖွံ့ဖြိုးလာစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းကို နိုင်ငံတော်က ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အမ်းမြို့နယ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရန် ဉစ္စာရင်လို ဉစ္စာရင်ခဲ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်ပင်သုံးမျိုးနှင့် အမယ်သစ်သီးနှံသုံးမျိုးတို့သည် ဒေသနှင့်ကိုက်ညီသည့်သီးနှံများ၊ အထူးသဖြင့် ရော်ဘာနှင့် ငရုတ်ကောင်းကို သတ်မှတ်ပေးထားချက်နှင့်အညီ တိုးချဲ့နိုင်သမျှ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ဌာနဆိုင်ရာများကလည်း လိုအပ်သည့် ပညာပေးမှု၊ စည်းရုံးမှုနှင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့ပြင် သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများ ပျက်စီးမှုမရှိစေရန်နှင့် အထွက်နှုန်းတိုးတက်ရေး သိပ္ပံနည်းကျ မွေးမြူရန်လိုကြောင်း၊ အမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသမှတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဧက ၂၈၅၀၀

အမ်းမြို့နယ် အနေဖြင့် မိုးစပါး စိုက်ပျိုးမှုတွင် ၂၀၀၅ခုနှစ်၌ ဧက ၆၉၀၀တိုး၍ စုစုပေါင်း ဧက ၄၄၁၀၀ အထိ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ရာ ယနေ့အထိဧက ၁၇၀၇၀ ကို စိုက်ပျိုးပြီးစီးပြီး ကျန်ဧကများကို ရာသီအမီအပြီး စိုက်ပျိုးမည်ဖြစ်သည်။ ထို့အပြင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဧက ၂၈၅၀၀တွင် အထွက်ကောင်းမျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးသွားမည်ဖြစ်သည်။

ရော်ဘာစိုက်ပျိုးရေးတွင် လျာထားဧက ၅၆၀ရှိပြီး ပျိုးပင် ၁၅၀၀၀ ပျိုးထောင်ထားရှိလျက် ကျေးရွာစိုက်ခင်းများသို့ အချိန်မီ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ငရုတ်ကောင်းစိုက်ပျိုးရေးတွင် လျာထားဧက ၁၈၈၃အနက် ဧက ၃၀၀ တိုးချဲ့ရန်ရှိပြီး ဧက ၂၅၀၀အထိ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိသည်။

ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်နှင့် အမ်းမြို့နယ်တို့တွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ လျာထားဧက ၁၈၂၆၉၈အနက် ယခုအခါ ၃၂၄၀၃ဧက စိုက်ပျိုးပြီးဖြစ်သည်။

ကျောက်ဖြူခရိုင်အတွင်း ၂၀၀၅–၂၀၀၆ ခုနှစ်၌ ရော်ဘာကို ဧက ၁၅၄၀၊ ငရုတ်ကောင်းကို ဧက ၁၂၀၀ စိုက်ရန် ရည်မှန်းချက်ထားရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမ်းလေယာဉ်ကွင်းသို့ ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်းမှနေ၍ တောင်ဘက်ထိပ်ရှိ လေယာဉ်ချဉ်းကပ်ရာလမ်းကြောင်း (Approach)အား အနှောင့်အယှက်ဖြစ်နေသည့် တောင်ကုန်းများအား မြေဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ လုပ်ငန်းခွင်အနီးရှိ နယ်မြေခံတပ်သို့ ရောက်ရှိပြီး စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသောင်းမြင့်က အမ်းလေယာဉ်ကွင်း လေယာဉ်ချဉ်းကပ်ရာလမ်းကြောင်းအား အနှောင့်အယှက်ဖြစ်နေသော တောင်ကုန်းများအား မြေဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြေဖို့ခြင်းလုပ်ငန်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ကြရန်၊ စက်သုံးဆီများသုံးစွဲမှုကို အလေအလွင့်မရှိစေရန် မှာကြားပြီး ယန္တရားများဖြင့် တောင်ကုန်းအမှတ်(၁)၏ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့သို့ ပြန်လည်ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရခိုင်ပြည်နယ် အမ်းမြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ သူနာပြုများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✥ **ကျော့ဖုံးမှ**

တမံ၏ ရေဝင်ပိုင်းတွင် ကျောက်စီပြီးစီးမှု၊ ရေစတင်သိုလှောင် ရရှိမှုနှင့် ရေပိုလွှဲအမှတ်(၁)နှင့် ရေပိုလွှဲ အမှတ်(၂)တို့ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် ရေလွှဲဆည် တည်ဆောက်ရေးနှင့် ဆည်ရေသောက်စနစ်တို့ကို ပါဝါပွိုင့်ဖြင့် ပြသရှင်းလင်းရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ရေလှောင်တမံ ရေပြည့်သိုလှောင်နိုင်မည့် RL-330 ပေတွင် ယခု မိုးရာသီကာလအတွင်း ဇူလိုင် ၁၆ရက်အထိ RL– ၂၄၈ ဒသမ၇ပေ သိုလှောင်ထားမှုနှင့် မိုးတွင်းကာလတစ်လျှောက် သိုလှောင်ရရှိမည့် ခန့်မှန်းရေမှတ်တို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနမှ တာဝန်ခံများနှင့် တွေ့ဆုံ၍ ရေသိုလှောင်နိုင်မှုနှင့် ဆက်စပ်၍ ရေအားလျှပ်စစ်ပိုင်း ဆိုင်ရာတို့ကို ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ ပင်မတမံနှင့် ရေဝင်ရရှိသိုလှောင်ထားမှုတို့ကို လည်းကောင်း၊ ရေပိုလွှဲအမှတ်(၁)နှင့် ရေပိုလွှဲအမှတ်(၂) ပြီးစီးမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး၌ တည်ရှိပြီး ရဲနွယ်ချောင်းကို ဇုန်ပုံစံ အလယ်ပိုင်းရေလုံလွှာနှင့် ကျောက်ရော မြေသားတမံဖြင့်ပိတ်ကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၀၀ သိုလှောင်နိုင်မည်ဖြစ်သည်။

ပင်မတမံသည် အလျား ၁၀၅၀ပေ၊ အမြင့် ၂၅၁ပေရှိပြီး ပင်မတမံ ပြီးစီး၍ ယခုနှစ် မိုးရာသီကာလ ရေဝင်ရရှိမှုဖြင့် ရေဧက ၁၁၃၅၀၃ပေကို ရရှိသိုလှောင်ထားကာ တမံ၏ ရေဝင်ပိုင်းတွင် ကျောက်များ အချောသပ်စီပြီးဖြစ်သည့်အပြင် တမံ၏ အပြင်ဘက်ပိုင်းတွင်လည်း ကျောက်စီလုပ်ငန်း ဆောင်ရွက်နိုင်ရန် ပြင်ဆင်လျက်ရှိသည်။ (သတင်းစဉ်)

စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ပြည်ပပို့ကုန် သိပ္ပံနှမ်းစိုက်ခင်း ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းသည် ဇူလိုင် ၁၆ရက်တွင် မကွေးတိုင်း အောင်လံမြို့ရှိ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စိုက်ပျိုးထားသော ပြည်ပပို့ကုန်သီးနှံ သိပ္ပံနှမ်းစိုက်ခင်းကို ကြည့်ရှုအားပေးပြီး စိုက်ကွင်း၌ အောင်လံမြို့ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျေးရွာများမှ နှမ်းစိုက် တောင်သူများ၊ ပွဲရုံလုပ်ငန်းရှင်များအား ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ ပြည်ပပို့ကုန် မျိုးကောင်းမျိုးသန့် နှမ်းစိုက်ပျိုး၍ သိပ္ပံနှမ်းဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ နှမ်းစိုက်တောင်သူများနှင့် လုပ်ငန်းရှင်ကုန်သည်ကြီးများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ စိုက်ဧကများကို ယခုထက် ပိုမိုတိုးချဲ့လုပ်ကိုင်ကြရေး ဆွေးနွေးမှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဟန်က နှမ်းစိုက်တောင်သူကြီးများအား အထွက်တိုးမျိုးကောင်း သိပ္ပံနှမ်းအကြောင်းနှင့် မျိုးထိန်းသိမ်းထားနိုင်ရေးနှင့် မျိုးဖြန့်ဖြူးနိုင်ရေးအတွက် မိမိတို့အသင်းမှ ကူညီဆောင်ရွက် လုပ်ကိုင်ပေးမည့် အခြေအနေများကို လည်းကောင်း၊ နှမ်းစိုက်တောင်သူများနှင့် ဒေသပွဲရုံလုပ်ငန်းရှင်များက လုပ်ငန်းအခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး စိုက်ပျိုးထားသော သိပ္ပံနှမ်းစိုက်ဧကများနှင့် ရွှေဝါရောင် Turkish နှမ်းမျိုးစမ်းသပ် စိုက်ခင်းများကို ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်း

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၇ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့ရှိ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း၌ အေးရှားဝေါလ်ကုမ္ပဏီနှင့် ဒဂုံတင်းဘားကုမ္ပဏီများ၏ ကင်ပွန်းတောင် ကျွန်းစိုက်ခင်းသို့ ရောက်ရှိ၍ ကျွန်းပင်များ၊ ရာသီ သီးနှံနှမ်း၊ မြေပဲများ ရောနှောစိုက်ခင်းနှင့် စိုက်ပျိုးနည်းပညာ သရုပ်ပြစိုက်ကွင်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖြူးမြို့သို့ရောက်ရှိ၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ အမှတ်(၅၆၆) တန် ၅၀ ဆန်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း ကြိတ်ခွဲထုတ်လုပ်မှုများ၊ စက်ရုံဝင်းအတွင်း ဝက်မွေးမြူရေးခြံများကို လည်းကောင်း၊ ဖြူးမြို့ ဖွဲနုဆီစက်ကြိတ်ခွဲထုတ်လုပ်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်တံခါးမြို့ရှိ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အမှတ်(၅၃၅) တန် ၁၀၀ဆန်စက်နှင့် အမှတ်(၅၀၅) တန် ၁၀၀ဆန်စက်တို့ကို ဝင်ရောက်ကြည့်ရှု၍ စက်များ သန့်ရှင်းရေးနှင့် ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ညောင်လေးပင်မြို့ရှိ ၇၅တန်ကျ ဆန်စက်နှင့် ဖွဲနုဆီစက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကြိတ်ခွဲထုတ်လုပ်မှု အခြေအနေများနှင့် စက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။ (သတင်းစဉ်)

တိပိဋကကျောင်းတော် ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း ပြည်လမ်းအနောက်ရပ်ကွက် မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်၌ ဝါဆိုဝါကပ်တော်မူကြသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် သံဃာတော်များအား (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၆ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ သင်္ကန်းဒွိစုံနှင့် လှူဖွယ်ပစ္စည်းများကို ဖုန်း–၂၂၂၂၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၇–၂၀၀၅ (အင်္ဂါနေ့)

၁၃၆၇ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဉယျာဉ်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ကျောက်တစ်လုံးရေကူရေလှောင်တမံ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Let's Go.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက–၁၊သန်လျင်)(အမျိုးသားဝတ်ရွတ်အဖွဲ့)
၅:၀၀	၄။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)**
၅:၁၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၃၀	၆။	ဝါဆိုလဘွဲ့တေးများ
၅:၄၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၀	၈။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရှင်ဆော့ပြေး ပုရွက်ဆိတ်ကလေး" (အပိုင်း–၆)**
၆:၃၀	၉။	ညနေခင်းသတင်း
၇:၀၀	၁၀။	မိုးလေဝသအခြေအနေ
၇:၀၅	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း–၆)**
၇:၃၅	၁၂။	သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အေးဒီးစ်ခြင်ကျားကင်းစင်ကျောင်းများ ထူထောင်ပေး
၇:၄၅	၁၃။	ထူးခြတ်တင့်ဆန်း ကြာသက်န်း
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း–၃၆)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။



အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်း ဇေယျဝတီမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဇေယျဝတီသကြားစက်ရှိ ကြံကုတ်ကရိန်းနှင့် ကြံဖြတ်ဓားစက်များ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်း ရေနီစက္ကူစက်ရုံနှင့် ဇေယျဝတီသကြားစက် စစ်ဆေး ကြံစိုက်ဧကတိုးတက်ရေး ကြံတောင်သူများအားစည်းရုံးရန် မှာကြား

ရန်ကုန် ဇူလိုင် ၁၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၁၆ရက် ညနေပိုင်းတွင် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီ အမှတ်(၂) စက္ကူစက်ရုံဝင်းအတွင်း စိုက်ဧက ငါးဧကခွဲ တင်းဝါး၊ ဝါးဘိုးဝါးနှင့် ဝါးမျိုးစုံ စမ်းသပ်ပျိုးဥယျာဉ် စိုက်ကွင်းအမှတ် (၆)ရှိ ရှင်သန်လျက်ရှိသော ဝါးများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ဝါးစိုက်ခင်းများအား တစ်အုပ်တစ်မ စိုက်ပျိုးသွားရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဓာတုပျော့ဖတ်ထုတ်လုပ်ရေးဌာနသို့ ရောက်ရှိပြီး ဝါးပျော့ဖတ်ကြိတ်စက်ဖြင့် ဝါးပျော့ဖတ်ထုတ်လုပ်မှုကို လည်းကောင်း၊ ဝါးပျော့ဖတ်ထုတ်လုပ်ရာ၌ ဝါးကုန်ကြမ်းမှ ဝါးပျော့ဖတ်သို့ အဆင့်ဆင့်ပြောင်းလဲမှုကိုလည်းကောင်း၊ အသစ်တပ်ဆင်ပြီး ပျော့ဖတ်ကြိတ်စက်များ၏ စက်လည်ပတ်မှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝါးပျော့ဖတ်ကန်ကို လည်းကောင်း၊ ပျော့ဖတ်ရေရောကန်ကို လည်းကောင်း၊ပျော့ဖတ်ချက်အိုးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝါးကွင်းအဟောင်းမှ ဝါးကွင်းအသစ်သို့ ပြောင်းလဲ၍ ဝါးကုန်ကြမ်းများ ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ အထွေထွေမန်နေဂျာဦးသိန်းစိုးက ဝါးကွင်းဟောင်းနေရာ၌ တန် ၅၀ကျ ဓာတုကြိတ်ဖတ်စက်ရုံတည်ဆောက်မည့် အခြေအနေနှင့် တန် ၈၀ ဘိလပ်မြေစက္ကူစက်ရုံ တည်ဆောက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ တည်နေရာပြ မြေပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ချက်အိုးဌာနရှိ အသစ်လဲလှယ်ရမည့် ပစ္စည်းများကိုလည်းကောင်း၊ ပျော့ဖတ် ပြုပြင်ရေးဌာန၏ လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ကုန်ထုတ်လိုင်းတစ်လျှောက် စက္ကူပျော့ဖတ်မှ စက္ကူထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ သိုလှောင်ရုံအတွင်း ထုတ်လုပ်ပြီး စက္ကူလိပ်များအား ထားသိုမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ဝင်းအတွင်း ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်နှင့် တောင်ငူမြို့၌ ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် တောင်ငူမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ရိုးမအချိုရည်နှင့် ရေခဲစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း ဇေယျဝတီမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဇေယျဝတီသကြားစက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်ရုံမှူး ဦးစိုးမိုးကျော်က မြို့နယ်အလိုက် ကြံဝယ်ယူရရှိမှုနှင့် ကြံစိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးက စိုက်ဧက တိုးတက်စိုက်ပျိုးသွားရေးနှင့် ကြံတောင်သူများအား စည်းရုံး၍ ကြံများရရှိရေး အစီအမံထားရှိရေး၊ စက်များ တိုးချဲ့လည်ပတ်နိုင်ရန် နည်းလမ်းရှာဖွေသွားရေး စသည်တို့ကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၁၇ရက် နံနက် ၇နာရီတွင် ဇေယျဝတီသကြားစက်သို့ ရောက်ရှိပြီး ကြံကုတ်ကရိန်းနှင့် ကြံဖြတ်ဓားစက်များ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကြံရာသီမတိုင်မီ ကုန်ထုတ်လိုင်းတစ်လျှောက် ကြံဖြတ်စက်များ ပြုပြင်မှု အခြေအနေများ၊ အသစ်လဲလှယ်မှုနှင့် စက်များ ပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သကြားပေါင်းအိုးများပြုပြင်ပြီးစီးမှု အခြေအနေနှင့် စက်ရုံမှထုတ်လုပ်သော စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ပြီးစီးမှုကို စစ်ဆေးသည်။

ဝန်ကြီးသည် နံနက် ၁၀နာရီတွင် ဒိုက်ဦးရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိပြီး ငါးမွေးမြူကန်၏ အခြေအနေကို လည်းကောင်း၊ ပီလောပီနံစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းများကို မြေလွတ်မြေလပ်မကျန် တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ (စက်မှုကုန်ကြမ်း) ဒုတိယဗိုလ်မှူးကြီးထွန်းမြင့်က ပီလောပီနံစိုက်ပျိုးမှုအခြေအနေများကို စိုက်ကွင်းမြေ အမျိုးအစားပြ မြေပုံများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက စနစ်တကျ မြေရှင်းလင်းပြုပြင်၍ စိုက်ပျိုးမှုလုပ်ငန်းများကို အချိန်ကိုက်ဆောင်ရွက်သွားရေး၊ မြေရိုင်းများ ဖော်ထုတ်ရှင်းလင်းပြီး တိုးချဲ့စိုက်ပျိုးသွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒိုက်ဦးကော်မှုန့်စက်ရုံရှိ အချိုဖောက်ဌာန၊ အခြောက်ခံဌာန စိတ်၊ ထုပ်ပိုးဌာနရှိ ဂလူးကို့စ်ထုပ်ပိုးခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲ ၁၂နာရီခွဲတွင် ပဲခူးမြို့သို့ ရောက်ရှိပြီး ရွှေဝါထွန်းဟိုတယ်အနီးရှိ ဝင်းသူဇာ အရောင်းဆိုင်နှင့် ပဲခူးမြို့ဈေးအနီး၌ ဖွင့်လှစ်ထားသည့် ဝင်းသူဇာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

အိပ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိ သွေးစစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ် ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် တတိယအကြိမ် ဒေသတွင်းနိုင်ငံများတွင် ပြုလုပ်သည့် မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူပြီး အိပ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိ သွေးစစ်ဆေးခြင်းဆိုင်ရာ သင်တန်း (Opening Ceremony of Third Intercountry Training of Trainers or HIV/AIDS Voluntary Counselling and Testing) **ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရှေ့တောင်အာရှဒေသတွင်း သင်တန်းသားတက်ရောက်သည့် နိုင်ငံများမှ သံအမတ်ကြီးများ၊ သင်တန်းသားများ၊ သင်တန်းဆရာများ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang ၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ တရုတ်၊ လာအို၊ ဖိလစ်ပိုင်၊ ဘူတန်၊ အရှေ့တီမော၊ မော်လ်ဒိုက်နိုင်ငံများမှ သင်တန်းသား ၃၂ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှစ၍ ဇူလိုင် ၃၀ရက်ထိ ပြုလုပ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)



ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် တတိယအကြိမ် ဒေသတွင်း နိုင်ငံများတွင် ပြုလုပ်သည့် မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူပြီး အိပ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိ သွေးစစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်

၂၀၀၅ ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ အမျိုးသားပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

သတ္တုတွင်းဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

သတ္တုတွင်းဝန်ကြီးဌာန မိသားစု (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့ တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ သင်္ဃန်းကျွန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) မဟာသိပ္ပံပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇသိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိဓမ္မ အမှူးပြု၍ မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များ၊ပထမရွှေကျင်ကျောင်းတိုက်မှ သံဃာတော်များ၊ ဓမ္မမေဒိနီကျောင်းတိုက်မှ သံဃာတော်များ ကြွရောက်တော်မူကြပြီး သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်း၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်မေစန်း၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

လှိုင်မြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းသို့ စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၁၅ ရက်က ကြံခင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဗလာစာအုပ် ၄၁၁ ဒါဇင်နှင့် ခဲတံ ၅၈၀ချောင်းအတွက် စုစုပေါင်းတန်ဖိုးငွေ ကျပ် ၂၅၈၆၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှေးဦးစွာ သင်္ဃန်းကျွန်းမြို့နယ် မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇသိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိဓမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ပထမရွှေကျင်ကျောင်းတိုက်နှင့် ဓမ္မမေဒိနီကျောင်းတိုက်များသို့ နဝကမ္မ အလှူငွေကျပ် တစ်သိန်းစီ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သင်္ဃန်းကျွန်းမြို့နယ် မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယကဆရာတော် သာသနဓဇ သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိဓမ္မက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

စက်ဘီးဖြင့် တစ်ကိုယ်တော်ခရီးရှည်စီးနင်းရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၈

ပြည်နယ်၊ တိုင်းအသီးသီးသို့စက်ဘီးဖြင့် တစ်ကိုယ်တော်သွားရောက်မည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ခွန်အားမာန်(သုခချမ်းသာ) ကျန်းမာရေးစက်ဘီးကလပ်မှ ဦးမျိုးမြင့် အသက်(၆၀)နှစ် **(ယာပုံ)**အား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းနှင့်အဖွဲ့က ဂုဏ်ပြုနှုတ်ဆက်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ သုဝဏ္ဏစက်ဘီးအားကစားကွင်း၌ပြုလုပ်သည်။

၎င်းသည် သုဝဏ္ဏအားကစားကွင်းမှစတင်ပြီး ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ဖြူး၊ တောင်ငူမှတစ်ဆင့် ကရင်ပြည်နယ်သံတောင်၊ လိပ်သိုယာဒိုတို့ကိုဖြတ်၍ ကယားပြည်နယ်တွင် ဒီမောဆို၊ လွိုင်ကော်ကို လှည့်လည်၍ ထိုမှတစ်ဖန် ရှမ်းပြည်နယ်အတွင်းသို့ ဝင်ရောက်ကာ တောင်ကြီး၊ ဟိုပုံး၊ လွိုင်လင်၊ နမ့်ဆန်၊ ကွန်ဟိန်း၊ တာကော၊ကျိုင်းတုံမိုင်းဖြတ်မှ တာချီလိတ်သို့ စီးနင်းမည်ဖြစ်သည်။

ရောက်ရှိရာ ပြည်နယ်၊ တိုင်းအသီးသီးတွင် စက်ဘီးအားကစားဖွံ့ဖြိုးရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်မည့် လက်ရွေးစင်စက်ဘီးအားကစားသမားကလေးများ ရှာရှိရေး၊ HIV/AIDS တိုက်ဖျက်ရေး၊ ဆေးလိပ်မသောက်ရေး ပညာပေးဆောင်ရွက်သွားမည်ဟုသိရသည်။

ယင်းခရီးစဉ် အောင်မြင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်၊ တိုင်းအသီးသီးမှ အားကစားနှင့် ကာယပညာကော်မတီများက ကူညီဆောင်ရွက်ပေးရန်မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာဦးစီးဌာနမှတစ်ဆင့် မေတ္တာရပ်ခံထားကြောင်းသိရသည်။(ကြေးမုံ)

အင်တာတိုတိုဖလားဗိုလ်လုပွဲတွင် နယူးကာဆယ်အသင်းက ဇက်တီအက်စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

မတ်စကီးကစားကွင်း ဇူလိုင် ၁၇

ယနေ့ကစားသော အင်တာတိုတိုဖလားလုပွဲတွင် နယူးကာဆယ်အသင်းသည် ယှဉ်ပြိုင်ဘက် ချက်ကိုစလိုဗက် ဇက်တီအက်စ်အသင်းကို ပထမပိုင်းပွဲစအပြီး မကြာမီမှာပင် ဂိုးအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ပွဲအဆုံးတွင် နယူးကာဆယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နယူးကာဆယ် အသင်းသည် ပြိုင်ဘက်အသင်းကို ပွဲစပြီး ၁၀မိနစ်အကြာမှာပင် နှစ်ဂိုးသွင်းထားနိုင်ခဲ့သည်။ ပထမဂိုးကို ပွဲစပြီးလေးမိနစ်အကြာတွင် နယူးကာဆယ်အသင်းမှ တိုက်စစ်မှူးမိုက်ကယ်ချိုပရာကသွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမဂိုးရပြီးနောက် သုံးမိနစ်အကြာတွင် ဒုတိယဂိုးကို နယူးကာဆယ်ကစားသမား အလန်ရှီးယာရာက သွင်းယူသည်။

ပထမပိုင်းပွဲပြီးခါနီးတွင် ဒုဗ်နီကာအသင်းမှအီဂေါ်ဒါဇစ်ဂ်ကခေါင်းတိုက်သွင်းလိုက်သဖြင့် ဂိုးပေါက်ဆီသို့ ဘောလုံးရောက်သွားသည်။ သို့ရာတွင် နယူးကာဆယ်မှ မီလ်နာက ဖျက်ထုတ်လိုက်သဖြင့် ကံခေသွားခဲ့ရသည်။

ဒုတိယပိုင်းမိနစ် ၇၀တွင် မီလ်နာက နယူးကာဆယ်အသင်းအတွက် တတိယဂိုးကို သွင်းယူပေးခဲ့သည်။

ယနေ့ပွဲတွင် ဇက်တီအက်စ်အသင်းအတွက် ကျိန်းသေပေါက်ရမည့် သုံးဂိုးကို နယူးကာဆယ်မှ ဂိုးသမား စတီဗ်ဟာပါက ကာကွယ်ပေးခဲ့သည်။ ဒါဇစ်ကသွင်းလိုက်သော ဘောလုံးနှစ်လုံးနှင့် ပီတာကစ်ကာ သွင်းလိုက်သော ဘောလုံးတစ်လုံးတို့ကို ကာကွယ်ခဲ့ခြင်းဖြစ်သည်။

ဇက်တီအက်စ် အသင်းအတွက် တစ်လုံးတည်းသောဂိုးကို ကစားချိန် ၄၂မိနစ်တွင် ရှေ့တန်းတိုက်စစ်မှူး ဒါဇစ်ဂ်က သွင်းယူလိုက်ရာ နယူးကာဆယ် ဂိုးသမား မမိလိုက်ဘဲ တစ်ဂိုးပေးလိုက်ရသည်။

ယနေ့ပွဲတွင် နယူးကာဆယ်က တစ်ဖက်အသင်းကိုသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်ပြီးဖြစ်သည်။ သို့သော် ထိုနှစ်သင်းသည် စိန့်ဂျိမ်းပတ်ခ်တွင် လာမည့်စနေနေ့၌ထပ်မံကစားရဦးမည်ဖြစ်သည်။ အကယ်၍နယူးကာဆယ်ကပင် ထပ်မံအနိုင်ရလျှင် နယူးကာဆယ်သည် အကြိုဗိုလ်လုပွဲ၌ လာဇီယိုအသင်း သို့မဟုတ် မာဆေးအသင်းတို့နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

(အင်တာနက်)

နယူးကာဆယ် အသင်းနှင့် ဇက်တီအက်စ်ဒုဗ်နီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စုပေါင်းဆောင်ရွက်

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးစီမံချက်အရ ဖုံး၊ သွန်၊ လဲ၊ စစ် ကျန်းမာရေးစောင့်ရှောက်မှု ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဇူလိုင်၁၆ရက်က ရပ်ကွက်ဥက္ကဋ္ဌဦးကျော်ကျော်မောင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်စုစုခိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေးငွေးခင်နှင့်အသင်းဝင်များ ရပ်ကွက်ပြည်သူများနှင့် အတူ စုပေါင်းဆောင်ရွက်ကြစဉ်။ (၅၀၆)

ဝါဆိုလပြည့် ဓမ္မစကြာနေ့ သောက်ရေသန့်ဘူးဒါနပြုမည်

ရန်ကုန် ဇူလိုင် ၁၈

၁၃၆၇ခုနှစ်ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့ ဇူလိုင်၂၀ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်းသုံးသောင်းကျော်ငွေကျပ်၁၅သိန်းကျော်ဖိုးကို တစ်နေကုန် စတုဒိသာ ဒါနပြုလှူဒါန်းမည်ဖြစ်သည်။ ရေသန့်ဘူးများနှင့် ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံးငွေကျပ် တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆နှင့် ဖုန်း-၃၈၃၅၁၁၊ လိုင်းခွဲ ၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးမြို့ ရေဆိုးထုတ်စက်ရုံကြည့်ရှုစစ်ဆေး ဆင်တောင်နှင့် မြင်းမထိတောင် တက်ရောက်မည့်အဖွဲ့အား တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ် ရွှေဂံကျေးရွာအနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၂)ရေဆိုး ထုတ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် သန့်ရှင်းမှုဌာနမှူး အင်ဂျင်နီယာ ဦးထွန်းကြည်တို့က လိုက်ပါရှင်းလင်းတင်ပြပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

မွန်းလွဲ ၁နာရီတွင် တိုင်းမှူးသည် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ရုံး၌ ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ ဆင်တောင်နှင့် မြင်းမထိတောင်သို့ တက်ရောက်မည့် တောင်တက်အဖွဲ့အား တွေ့ဆုံသည်။ ဆက်လက်၍မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စားသောက်ပစ္စည်းများနှင့် ဂုဏ်ပြု ထောက်ပံ့ငွေကျပ်တစ်သိန်းကို တိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်း ကလည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဂုဏ်ပြုထောက်ပံ့ ငွေကျပ်တစ်သိန်းကို တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းကလည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကောင်မတီမှ ဂုဏ်ပြုထောက်ပံ့ငွေကျပ် တစ်သိန်းကို မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်ကလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီး အားကစားအဖွဲ့၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့မှ ဂုဏ်ပြုထောက်ပံ့ငွေ ကျပ်တစ်သိန်းစီနှင့် ကယ်လ်ဘီဖာမာကုမ္ပဏီမှ ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများကို တာဝန်ရှိသူများက လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြရာ ခြေလျင်နှင့် တောင်တက် အားကစားအဖွဲ့ ခေါင်းဆောင် ဒေါက်တာခင်မောင်က လက်ခံရယူသည်။

ပါဝင်မည်

အဆိုပါ ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ ဆင်တောင်နှင့် မြင်းမထိတောင်သို့ တက်ရောက်မည့် ခြေလျင်နှင့် တောင်တက်အသင်းတွင် မန္တလေးတိုင်းမှ ခြေလျင်နှင့် တောင်တက် အားကစားသမား အမျိုးသား ၂၉ဦးနှင့် အမျိုးသမီး ၅၇ဦး စုစုပေါင်း ၈၆ ဦး ပါဝင်မည်ဖြစ်သည်။

(သတင်းစဉ်)

မဟာဗောဓိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော် အရှင်သူမြတ်တို့အား မဟာဗောဓိ ပရိယတ္တိသာသနာပြုအသင်းက ဦးဆောင်၍ ဒါယကာ၊ ဒါယိကာမများ စုပေါင်းကာ (၂၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၃ရက် (စနေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သာသနာရေးဝန်ကြီးရုံးအနီးရှိ ဝိသုကြုံ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာဆိုင် အဆောက်အအုံများ ဖွင့်ပွဲ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အလှူရှင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနသို့ ဆောက်လုပ်လှူဒါန်းသော ဝိသုကြုံအဆောက်အအုံများ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

သာသနာရေးဝန်ကြီးဌာနသို့ အလှူရှင်များက ဆောက်လုပ်လှူဒါန်းသော ဝိသုကြုံအဆောက်အအုံများဖွင့်ပွဲ အခမ်းအနားများကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအနီးရှိ အဆိုပါဆိုင်များ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားများသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၊ အပြည်ပြည် ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် သာသနာပြုတက္ကသိုလ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်သည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ ဝိသုကြုံနိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာဆိုင်ကြီးဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အလှူရှင်များ ဖြစ်ကြသော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးမောင်မောင်(အေးရှား အိပ်စ်ပရက်)-ဒေါ်မိမိစိန်၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးဌေးမြင့် (ယုဇနကုမ္ပဏီ)-ဒေါ်အေးအေးမော် တို့က ဆိုင်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရွတ်ဆိုပူဇော်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဝိသုကြုံအဆောက်အအုံသစ်များ မော်ကွန်း ကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မော်ကွန်းကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာပက်ဖျန်းပေးရာ အခမ်းအနားမှူးက အောင်ဂါထာများကို ရွတ်ဆိုပူဇော်သည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဝိသုကြုံ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာဆိုင်ကြီးအတွင်း ခင်းကျင်းရောင်းချမည့် နိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဝိသုကြုံ အမှတ်(၃) ဝေယျာဝစ္စဓမ္မာရုံ ဖွင့်လှစ်ခြင်း အခမ်းအနားကို အဆိုပါဓမ္မာရုံရှေ့၌ ကျင်းပရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် အလှူရှင် ဦးထွန်းမြင့်နိုင်(အေးရှားဝေါလ်ကုမ္ပဏီ) ကိုယ်စား အေးရှားဝေါလ်ကုမ္ပဏီ ဒါရိုက်တာ ဦးသန်းမြင့်တို့က ဓမ္မာရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အလားတူ ဝိသုကြုံ အမှတ်(၄) တော်ဝင် ခန်းမဆောင်ကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် အလှူရှင် တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကို ထွေးတို့ကလည်းကောင်း၊ ပဒေသရာဇာ စာအုပ်ရှာဆိုင်သစ် အဆောက်အအုံကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် အလှူရှင် ရှိုင်းဆောက်လုပ်ရေးမှ ဦးအောင်ဇော်ဝင်းကိုယ်စား သာသနာရေး ဝန်ကြီးဌာနမှ ဦးမိုးဇော်ရွှေတို့က လည်းကောင်း ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဝိသုကြုံအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၈နာရီတွင် အဆိုပါ ဝိသုကြုံ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာဆိုင်ကြီး၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဥာဏာဘိဝံသနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်တော်မူကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ဝန်ကြီးအမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အကျိုးတော်ဆောင် ဆရာတော်နှင့် ဆရာတော် သံဃာတော်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ဝန်ကြီးအမှူးပြုသော ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယခုဖွင့်လှစ်လိုက်သော ဝိသုကြုံ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာဆိုင်ကြီး၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အမျိုးမျိုး၊ သင်္ကန်းနှင့် ပရိက္ခရာရှစ်ပါး၊ သံဃာတော်သုံးပစ္စည်းများ၊ ပလ္လင်တံကဲများ၊ သီဟာသနပလ္လင်များ၊ ငွေနှင့် ကြေးသပိတ်၊ ရေအိုး၊ ညောင်ရေအိုးနှင့် သောက်တော်ရေခွက် အမျိုးမျိုးအစရှိသော နိဗ္ဗာန်ကုန်များကို ရောင်းချသွားမည်ဖြစ်ပြီး ဝိသုကြုံ ဝေယျာဝစ္စဓမ္မာရုံ၌ အလှူတော်မင်္ဂလာ အခမ်းအနားသုံး ပစ္စည်းအမျိုးမျိုး ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရောင်းချ

ထို့အတူ ပဒေသရာဇာစာအုပ်ရှာ၌ သာသနာရေးဝန်ကြီးဌာနက ထုတ်ဝေသော စာအုပ်မျိုးစုံ၊ ဘာသာရေးနှင့် လူမှုရေး သုတ၊ ရသ စာအုပ်မျိုးစုံ တို့ကို ရောင်းချသွားမည်ဖြစ်သည်။

ဝယ်ယူငှားရမ်း

အဆိုပါ လုပ်ငန်းများမှရရှိသော အကျိုးအမြတ်များကို နယ်စပ်တောင်တန်းဒေသများ၌ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားပြန့်ပွားရေး သာသနာပြု လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် လာရောက် ဝယ်ယူငှားရမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီး ဒေါ်မေကြည်စိန်တို့အားအမှူးထား၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မအမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီး ဒေါ်မေကြည်စိန်အမှူးပြု၍ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်း မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

(သတင်းစဉ်)

ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)၏ မြို့နယ်ဖွား ဆရာတော်ကြီးများအား ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အမှတ် (၃၉/၄၁) အိုးဘိုလမ်း (အောက်လမ်း) ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပရာ မြန်မာ-ကန္ဒီကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနသာဂရနှင့် ငါးထပ်ကြီးကျောင်းတိုက်ဆရာတော် ဒီဃဘာဏက ဓမ္မာစရိယ ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါယမအမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်ကြသည်။

အခမ်းအနားသို့ မြို့နယ်အသင်းနာယက၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း၊ ဥက္ကဋ္ဌ ဒေါက်တာလှဖေနှင့် အသင်းသား၊ အသင်းသူများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ မြန်မာ-ကန္ဒီကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အသင်းနာယက ဒေါက်တာပြေတင်၊ ဒေါက်တာမြင့်ခိုင်၊ ဥက္ကဋ္ဌ ဒေါက်တာလှဖေ၊ ဘဏ္ဍာရေးမှူး ဦးဗိုလ်ဝင်းနှင့် အသင်းသား၊ အသင်းသူများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သဒ္ဓမ္မရံသီရိပ်သာများ၌ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၈

သဒ္ဓမ္မရံသီရိပ်သာအသီးသီးတွင် ဝါဆိုလျက်ရှိကြသော သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲများကို ကျင်းပမည်ဖြစ်ရာ မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင် ၃၀ရက်တွင်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် မဈ္ဈိမပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင် ၃၁ရက်တွင် လည်းကောင်း၊ လှည်းကူးမြို့နယ် သရက်ကုန်းကျေးရွာ(အင်းတိုင်) ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ၌ ဩဂုတ် ၆ရက်တွင်လည်းကောင်း၊ ရန်ကင်းမြို့နယ် သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ ဩဂုတ် ၁၃ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါနေ့များတွင် နံနက် ၈နာရီမှစတင်၍ ဝါဆိုသင်္ကန်းဆက်ကပ်မည်ဖြစ်ပြီး အနုမောဒနာတရား ဟောကြားမည်ဖြစ်၍ ကြွရောက်လှူဒါန်းတရားနာကြားနိုင်ကြသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရီကာအတ္တာစီယာဇာဝိယာအဖွဲ့မှ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ငွေကျပ် ၆၅၀၀၀၀၀တန်ဖိုးရှိ ဂါလန် ၄၀၀ ဆံ့ ရေတိုင်ကီလေးလုံးကို လှူဒါန်းရာ အလှူရှင်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဟာဂျီဦးခင်မောင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းစဉ်။ (သာသနာရေး)

ဇူလိုင် ၁၈ရက်က ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် ကြားတောရလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဓမ္မာရုံ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ထွေ/အုပ်)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၆ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပရာ ရမ္မာဝတီဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုဏ္ဍလ အမှူးပြုသော ဆရာတော်များအား အသင်းဥက္ကဋ္ဌ ဦးချမ်းမောင်နှင့် အသင်းသား၊ အသင်းသူများက ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဇူလိုင် ၁၃ရက်မှ ဇူလိုင် ၁၅ရက်အထိ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်းအကွက် အမှတ်(၅၁၊ ၅၂)အတွင်းရှိ ဘန်းကုန်းဆည် ရေဝေရေလဲစိုက်ခင်းနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မကွေးမြို့ရှိ အမြဲတမ်းပျိုးဥယျာဉ်နှင့် ဒေါင်းနေကာကွယ်တောအတွင်းရှိ ၂၀၀၅-၂၀၀၆ခုနှစ် ကျေးရွာသုံး ထင်းစိုက်ခင်း ၃၉၅ ဧက ကိုလည်းကောင်း၊ မင်းဘူးမြို့နယ် မင်းဘူးတောင်တန်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ပျိုးဥယျာဉ်ကိုလည်းကောင်း၊ ရေနံချောင်းမြို့နယ် ဖန်ခါးစမ်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ မြို့နယ်ဦးစီးအရာရှိရုံးနှင့် ကြည့်မြင် ကာကွယ်တောအတွင်းရှိ ၂၀၀၅-၂၀၀၆ခုနှစ် ကျေးရွာသုံး ထင်းစိုက်ခင်း ၄၉၅ဧကကို လည်းကောင်း၊ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ငါ့လင်းပုတ်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ် လမ်းဘေး ဝဲ/ယာ စိုက်ခင်းနှင့် ကျောက်ဆင်တောရ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၈

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မွန်ပရိယတ္တိစာသင်တိုက် ဗိုလ်တထောင်ဘုရားအနီးတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ပူဇော်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ အချိုပွဲ၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးရဲမြင့် (ဥက္ကဋ္ဌ) ဖုန်း-၂၂၅၀၇၆၊ ဦးသောင်းညွန့် ဖုန်း-၇၀၇၈၈၀၊ ဦးခင်အောင် ဖုန်း-၂၉၅၄၆၅၊ ဦးမြတ်ငြိမ်း ဖုန်း-၇၀၅၈၁၅ မွန်ပရိယတ္တိ စာသင်တိုက် ဖုန်း-၂၉၇၉၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဇူလိုင် ၁၅ရက်က အလှူရှင် မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ်(၁၅၆)နေ ဦးစိုးသန်း-ဒေါ်ခင်ထွေး မိသားစုက ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။

(၃၀၇)

ဆုနှင်းသဘင်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

ပဲခူးမြို့နယ် ဘုရားကလေး စံပြကျေးရွာ အေးစေတီပရိယတ္တိ စာသင်တိုက် အမှတ်(၁၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဝါဆိုလပြည့်နေ့တွင် ၂၀၀၄-၂၀၀၅စာမေးပွဲ အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်မြို့ (ဝိုင်အမ်ဘီအေ) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး၏ (၅၅)ကြိမ်မြောက် ဗုဒ္ဓဝင်နှင့် မင်္ဂလသုတ် ဒေသနာတော် ဖြေဆိုအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရှင် အသက်(၁၀)နှစ်ရှိ မစန္ဒာဝင်းတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်သည်။

(က-ပ)

ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို အဆိုပါကျောင်းခန်းမ၌ ဇူလိုင် ၁၇ရက်က ကျင်းပရာ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေ အမှာစကားပြောကြားစဉ်။ (ပညာရေး)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် - ဇာတကသင်ခန်းစာများ (ဒုတိယနှစ်အရှေ့တိုင်းပညာ)**
၅း၂၅	၉။	ပညာခေတ်
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ" (အပိုင်း-၃)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၂၉)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ဓာတ်အား ၁၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ပွင့်လင်းရာသီတွင် လုပ်ငန်းစတင်မည်

ပြည်နယ်ပြည်မ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းစေရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ကုန်ထုတ်လုပ်ရေးအတွက် ဓာတ်အားဖြန့်ဖြူးရန် ရေအားလျှပ်စစ်စီမံကိန်းများ စူးစမ်းရှာဖွေ တည်ဆောက်လျက်ရှိ။

ရန်ကုန် ဇူလိုင် ၁၈

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင် ၁၅ရက် နံနက်ပိုင်းက အမ်းမြို့နယ် အမှတ်(၄)ရပ်ကွက် သစ်ဆိပ်မှနေ၍ စက်တပ် ရေယာဉ်ငယ်များဖြင့် အမ်းချောင်းအတိုင်း ထွက်ခွာလာကြရာ နံနက် ၉နာရီ မိနစ် ၂၀တွင် အမ်းမြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခွဲခန့်အကွာ အမ်းချောင်းပေါ်တွင် တည်ဆောက်မည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန၏ အမ်းချောင်းရေအား လျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၆) တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းတင်က အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ရည်ရွယ်ချက်၊ တည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှု၊ မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဇလဗေဒတိုင်းတာခြင်းလုပ်ငန်း၊ ဘူမိဗေဒတိုင်းတာခြင်းလုပ်ငန်းနှင့် အထွေထွေလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရှင်းလင်းဆောင်ရှုရပ်မျှော်စင်မှနေ၍ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မဟာဓာတ်အားလိုင်းစနစ်နှင့် အလှမ်းကွာဝေးသော ဒေသများ၊ ရေအရင်းအမြစ်ရှိသည့် ဒေသများတွင် ပြည်နယ်၊ ပြည်မ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းနိုင်သမျှ နည်းစေရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ကုန်ထုတ်လုပ်ရေးကဏ္ဍများအတွက်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် အမ်းချောင်းပေါ်တွင် တည်ဆောက်မည့် အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်း နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈–၇–၂၀၀၅

မိုးကုတ်မြို့
၃ ဒသမ ၂၃ လက်မ

မြိတ်မြို့
၁ ဒသမ ၆၁ လက်မ

မော်လမြိုင်မြို့
၁ ဒသမ ၂၆ လက်မ

ဘားအံမြို့
၀ ဒသမ ၀၂ လက်မ

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၆ရက်တွင် ပဲခူးတိုင်းအတွင်းရှိ ရန်ကုန်–မန္တလေး ကားလမ်းဘေး ဝဲ/ယာ၌ မိုးစပါးစိုက်ပျိုးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ပင်မတမံ တည်ဆောက်မှုလုပ်ငန်းတွင် သတ်မှတ်အမြင့် RL-350 ပေ ရောက်ရှိပြီးစီးမှု၊

စာမျက်နှာ ၉ ကော်လံ ၇ သို့ ✥

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်တွင် တည်ဆောက်နေသည့် ရဲနွယ်ရေလှောင်တမံ၏ ပင်မတမံနှင့် ရေသိုလှောင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)